မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၉၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းဆေးဖြင့်ကုသပေးရာ၌ အနောက်တိုင်းဆေးပညာ၊ ဆေးဝါးများနှင့် နှိုင်းယှဉ် မိမိတိုင်းရင်းဆေးဝါးဖြင့် သက်သာပျောက်ကင်းအောင်ကုသမှုနှင့် ကုသပေးမှုအပေါ် ပြည်သူများ ပိုမိုယုံကြည်ကိုးစားလာစေရေး ကြိုးစားဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၂၇ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိသည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယသမ္မတသည် တက္ကသိုလ်ရှိ စာကြည့်တိုက်၊ Internet Room၊ အခြေခံကျန်းမာရေး သူနာပြုစုမှုဌာနနှင့် Skill Lab တို့တွင် သင်တန်းသူများ သူနာပြုစုမှုပညာ လက်တွေ့သင်ကြားနေမှုနှင့် စာသင်ခန်းမ၌ ပညာသင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ဒေါက်တာဒေါ်မာလာဝင်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် တက္ကသိုလ်ဧည့်ခန်းမ၌ ပါမောက္ခချုပ်က တက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ ဝန်ထမ်းအင်အားနှင့် သင်တန်းသားဦးရေ၊ စာသင်ခန်းများနှင့် ဝန်ထမ်းအိမ်ရာများ နေရာချထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သူနာပြုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး ဒေါ်စန်းဝင်းက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက္ကသိုလ်ဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများနှင့် အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ်သို့ ရောက်ရှိကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်ဒေါက်တာသန်းမောင်က တက္ကသိုလ်တည်နေရာနှင့် အကျယ်အဝန်း၊ တက္ကသိုလ်ကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ***စာမျက်နှာ ၃ ကော်လံ ၁*** *

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေး တက္ကသိုလ် ပင်မဆောင်ရှိ တိုင်းရင်းဆေး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ပရဆေးဥယျာဉ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တိုင်းရင်းဆေး တက္ကသိုလ်ရှိ သရုပ်ပြ ပရဆေး ဥယျာဉ်၌ ရောဂါအမျိုးအစားအလိုက် ပရဆေးပင်များ စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

29-7 (01).pmd 1 7/29/2011, 12:14 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၂၉ ရက်)

ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေး ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းဖော်ဆောင်

မျိုးဆက်သစ်ကလေးသူငယ်များကို နိုင်ငံတော်က အားထားရသည့် ကိုယ်ရောစိတ်ပါကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများအဖြစ် ငယ်ရွယ်စဉ်ဘဝကတည်းက ပြုစုပျိုးထောင်ပေးရာတွင် ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံအဆောက်အအုံများ ပြည့်စုံရန် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းသည် ထိရောက်သော လုပ်ငန်းတစ်ရပ်ဖြစ်သည်။

ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ပေးနိုင်မည့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသည့် ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး (မန္တလေး)ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၅ ရက်နေ့က ကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ချီးမြှင့်ပြီး ဆေးရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

အထက်မြန်မာပြည်မှ ကလေးသူငယ်များ၊ မန္တလေးမြို့နှင့်နီးစပ်ရာ မြို့နယ်များမှ ဒေသခံပြည်သူများသည် ယခုအခါ ယခင်ရှိပြီး မန္တလေးမြို့ ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီးအပြင် ခုတင်(၅၅၀)ဆံ့ ကလေး အထူးကုဆေးရုံကြီး(မန္တလေး)တွင် အချိန်မရွေး လွယ်လွယ်ကူကူ ကုသနိုင်တော့မည်ဖြစ်သည်။ ယင်း ဆေးရုံကြီးကို ဒေင်အုပ်စုကုမ္ပဏီက ပြုပြင်တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်ရှိသည့် လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများဖြစ်ကြရာ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်ထောင်စုတစ်ဝန်းလွှမ်းခြုံနိုင်ရန် ဆောင်ရွက်ပေးခြင်းသည် အမျိုးသားကျန်းမာရေးစီမံကိန်းများတွင် အလေးထားဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းတစ်ရပ်ဖြစ်သည်။

ယခုအခါ မန္တလေးတိုင်းဒေသကြီးအတွင်း အထူးကုဆေးရုံ ၁၄ ရုံ၊ သင်ကြားရေးအထွေထွေအထူးကုဆေးရုံသုံးရုံ၊ ခုတင်(၃၀၀)ဆံ့ ဆေးရုံနှစ်ရုံ၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံသုံးရုံ၊ ခုတင် (၁၀၀)ဆံ့ ဆေးရုံခြောက်ရုံ၊ ခုတင် (၅၀)ဆံ့ ဆေးရုံ ၁၄ ရုံ၊ (၂၅) ခုတင်ဆံ့ ဆေးရုံ ၁၄ ရုံ၊ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၄၈ ရုံ စုစုပေါင်း ၁၀၄ ရုံရှိနေပြီဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသအပါအဝင် နိုင်ငံတစ်ဝန်း၌ ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျန်းမာရေးဝန်ထမ်းများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်အထိ နယ်စပ်ဒေသရှိ ဆေးရုံပေါင်း ၁၀၀၊ မြို့နယ်ခွဲဆေးရုံ ၈၂ ရုံအပါအဝင် ဆေးရုံပေါင်း ၉၃၈ ရုံအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကိုတည်ဆောက်ရာတွင် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျပေသည်။ သို့ဖြစ်၍လည်း နိုင်ငံတော်အစိုးရသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံအဝန်းလွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။

ယခုဖွင့်လှစ်ခဲ့သည့် ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)အပါအဝင် ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေးဝန်ထမ်းများသည် ကျန်းမာရေးကုသမှုခံယူသူ ပြည်သူများကို တာဝန်အပြင်စေတနာဖြင့် စောင့်ရှောက်ပြုစုကုသမှုပေးရန် လိုအပ်သည့်နည်းတူ ပြည်သူများအပိုင်းကလည်း ဆေးရုံများအစဉ်သန့်ရှင်းသပ်ရပ်ရေး၊ စည်းကမ်းရှိရှိအသုံးပြုကြရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ငပုတောမြို့နယ်၌ ကျင်းပ

ငပုတော ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ငပုတောမြို့နယ်မြောက်ပိုင်းရပ်ကွက် စွယ်တော်စေတီပရိဝုဏ်၌ ဇူလိုင် ၁၀ ရက် နံနက် ၇ နာရီက ကျင်းပရာ ငပုတောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်းပင် ၃၅၀၊ ပျဉ်းကတိုးပင် ၅၀၀၊ မဟော်ဂနီပင် ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

အင်္ဂပူမြို့နယ် ခတ္တာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၆ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင်နှင့် အဖွဲ့စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာဦးတင်မောင်စိုးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ပညာရည်ချွန်ဆုပေးပွဲ တွံတေးမြို့နယ်၌ ကျင်းပ

တွံတေး ဇူလိုင် ၂၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အိုးဘိုအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ကျောင်းသား ကျောင်းသူ ၁၄ ဦးကို တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့်ငွေသားဆုများ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

တိုက်ကြီးမြို့နယ် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

တိုက်ကြီး ဇူလိုင် ၂၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကွမ်းခြံကုန်းကျေးရွာအုပ်စု စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၄ရက် နံနက် ၁၀ နာရီက တောင်သူဒေါ်မွှေး၏စံကွက်၌ ကျင်းပရာအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးတင်ထွန်း၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများတက်ရောက်ကြပြီး တာဝန်ရှိသူများက ငါးခုံးမကောင်ရေ ခြောက်သိန်းကို သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများထံပေးအပ်ကြသည်။

ငါးမျိုးစိုက်ထည့်

ထို့နောက် ကျေးရွာအုပ်စု ၁၃ အုပ်စုမှ လယ်ဧက ၁၂၀၀၏ စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**





သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး ဟိုင်းကြီးကျွန်းတွင် ဆောင်ရွက်

ဟိုင်းကြီးကျွန်း ဇူလိုင် ၂၈

ဟိုင်းကြီးကျွန်းမြို့ မြို့ပေါ်ရပ်ကွက်များတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးကျော်စွာလင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးနှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပုသိမ်မြို့နယ်၌ ပညာပေးဟောပြော

ပုသိမ် ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပုသိမ်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးဟောပြောပွဲများ ကျင်းပလျက်ရှိရာ ဇူလိုင် ၂၆ ရက်က မြို့နယ်အင်ဂျင်နီယာ ဦးတင်မျိုးသန့်က အမှတ် (၆) အထကတွင် လျှပ်စစ်အန္တရာယ်သတိပြုကြရေးနှင့်စပ်လျဉ်း၍ ဟောပြောသည်။

ထို့နောက်မြို့နယ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများသည် မြို့လယ်မီးပွိုင့်များ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး မြေစိုက်ပိုစတာများကို စိုက်ထူခဲ့ကြကြောင်း သိရှိရသည်။ **(၀၇၇)**

* ရှေ့ဖုံးမှ

စတင်ဖွင့်လှစ်ခဲ့မှု၊ တက္ကသိုလ်၏ ရည်မှန်းချက်နှင့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဝန်ထမ်းအင်အားနှင့် ကျောင်းသားဦးရေ၊ သင်ရိုးညွှန်းတမ်း၊ ပေးအပ်သည့်ဘွဲ့နှင့် သင်တန်းကာလတို့ကို ရှင်းလင်းတင်ပြသည်။

မွေးထုတ်ပေး

ဆက်လက်၍ သင်ကြားရေးတိုင်းရင်းဆေးရုံ (မန္တလေး) ဆေးရုံအုပ်ကြီး ဦးမြင့်အောင်က ဆေးရုံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ဆေးရုံကို ၁၉၇၆ ခုနှစ်တွင် (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့မှုနှင့် ၁၉၉၈ ခုနှစ်တွင် ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့မှု၊ လာရောက်ကုသသည့် တစ်ရက်ပျမ်းမျှ လူနာဦးရေနှင့် လာရောက်ပြသကုသသည့် လူနာအရေအတွက် ပိုမိုများပြားလာသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဝထွန်းက တက္ကသိုလ်မှ တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးနေမှုကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဤတက္ကသိုလ်မှ ယခုအချိန်ထိ တိုင်းရင်းဆေးပညာဘွဲ့ရရှိသူ ၈၀၀ နီးပါး မွေးထုတ်ပေးခဲ့ပြီး တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ လူနာများအား ကုသမှုပေးရာတွင် လူနာများ၏ ယုံကြည်ကိုးစားမှုကို ရရှိအောင် စေတနာမေတ္တာထားပြီး ဆက်ဆံရေးမှအစ ပြေပြေပြစ်ပြစ် ဆက်ဆံတတ်ရန်နှင့် ဆရာဝန်များဖြစ်သည့်အားလျော်စွာ စောင့်ထိန်းရမည့် ကျင့်ဝတ်များကိုလည်း လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်

တိုင်းရင်းဆေးပညာသည် မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းမြောက်မြားစွာ ကတည်းကပင် ပေါ်ပေါက်ခဲ့ပြီး အိမ်နီးချင်းတရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

ဆေးဝါးများ ဖော်စပ်ရာတွင် ဆေးအာနိသင် မပျောက်စေရန်နှင့် လက်ဆုပ်လက်ကိုင် အထောက်အထားပြနိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရနိုင်မည်ဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများအား အနောက်တိုင်းဆေးပညာဖြင့် ဆေးဝါးကုသမှုပြုရာ၌ လူဦးရေအချိုးအစားနှင့် ဆရာဝန်၊ ဆရာမများ၏ အချိုးမှာ မျှတမှုမရှိသဖြင့် ကျေးလက်ဒေသအထိ တိုင်းရင်းဆေးဖြင့်သာ ထိရောက်စွာ ကုသပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆေးပုံးများကို လုံလုံလောက်လောက် ဖြန့်ဖြူးနိုင်ရေး၊ ကျေးလက်ဒေသများမှ စိတ်ပါဝင်စားသူများအား ရက်တိုသင်တန်းများဖွင့်လှစ်၍ တာဝန်ပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုကြောင်း။

ကျင့်သုံးဆောင်ရွက်

တိုင်းရင်းဆေးတက္ကသိုလ်အနေဖြင့် ထိရောက်စွာကုသမှုပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တက္ကသိုလ်ပင်မဆောင်ရှိ တိုင်းရင်းဆေးပြတိုက်၊ စာကြည့်တိုက်နှင့် e-Library တို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ သရုပ်ပြပရဆေးဥယျာဉ်တွင် ရောဂါအမျိုးအစားအလိုက် ပရဆေးပင်များ စိုက်ပျိုးထားမှုနှင့် သင်ကြားရေးလက်တွေ့ဆောင်၌ ရောဂါကြီး ခြောက်မျိုးကို ကုသရာတွင် အသုံးပြုနိုင်သော ဆေးဖက်ဝင်အပင်များ စိုက်ပျိုးပြသထားမှုတို့အား ကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းဆေးဖြင့် ကုသပေးရာတွင် အနောက်တိုင်းဆေးပညာ၊ အနောက်တိုင်းဆေးဝါးများနှင့် နှိုင်းယှဉ်၍ မိမိတိုင်းရင်းဆေးဝါးဖြင့်လည်း သက်သာ ပျောက်ကင်းအောင် ကုသနိုင်မှုနှင့် ကုသပေးမှုအပေါ် ပြည်သူများက ပိုမိုယုံကြည် ကိုးစားလာစေရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့မှ မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ သူနာပြုတက္ကသိုလ် (မန္တလေး) Skill Lab ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jose Carlos da Fonseca Junior လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jose Carlos da Fonseca Junior သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၉-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅ ၃။ နိုင်ငံတော်သီချင်း
၇း၁၀ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာ့ရှုခင်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုမြိန်နားဝင်
၇း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂ ၃။ နိုင်ငံတော်သီချင်း
၄း၀၃ ၄။ အဖွင့်သီချင်း
၄း၀၅ ၅။ မျိုးချစ်တပ်မတော်
၄း၁၀ ၆။ မဟာဂီတချိုကြည်မြ
၄း၂၀ ၇။ ဇာတ်လမ်းတို
၄း၃၀ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၉။ လျှပ်တစ်ပြက်
၄း၅၀ ၁၀။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ၁၁။ အိုင်စီတီသုတ
၅း၁၀ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၁၃။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ
\- ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၂၁)
၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၆။ **ရွှာ** ဟာသဇာတ်လမ်းတွဲ **တတိယအကြိမ်တောင်းရမ်းခြင်း** ပေါ်လေး၊ရွှေအိုး၊အိုင်းလောင်နှင့် သရုပ်ဆောင်များ
၆း၄၅ ၁၇။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၈။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်း ကြယ်တစ်စင်း** (အပိုင်း-၃၄)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဒို့တာဝန်အရေး(၃)ပါး
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ စိုက်ပျိုးသုတ
၂၅။ သံစဉ်များနှင့်ကမ္ဘာ
၂၆။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၈။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ရောင်ပြန်မေတ္တာ** (အပိုင်း -၃)
၂၉။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်

မုတ်သုံလေ အားကောင်းလာနိုင်

နေပြည်တော် ဇူလိုင် ၂၈

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၄	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၂	ကယားပြည်နယ်	၃၀	၂၂	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၃	ကရင်ပြည်နယ်	၃၃	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၂	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၈	၂၈	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ နေရာကွက်၍မိုးကြီးနိုင်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၃	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၅	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၈	၂၈	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၁	မွန်ပြည်နယ်	၃၁	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၂	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၇	၁၉	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၃	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၄	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၄	၂၅	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၆၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၈	၂၈	နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်	၆၀%

ယနေ့ နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေ အားကောင်းလာနိုင်သည်။

နိုင်ငံတကာသတင်းများ

တရုတ်ပြည်တွင်းလုပ် ဂြိုဟ်တုတစ်လုံးလွှတ်တင်

စီချမ် ဇူလိုင် ၂၈

တရုတ်နိုင်ငံက ပြည်တွင်းလုပ် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို စီချမ်ပြည်နယ်အနောက်တောင်ပိုင်း စီချမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဇူလိုင် ၂၇ ရက် ပေကျင်းစံတော်ချိန် နံနက် ၅ နာရီ ၄၄ မိနစ်က အောင်မြင်စွာလွှတ်တင်လိုက်ကြောင်း ၄င်းစခန်းမှ သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

ဆောင်ရွက်

၄င်းဂြိုဟ်တုကို လောင်းမတ်ချ်-၃ အေဒုံးပျံဖြင့် အာကာသအတွင်း သယ်ဆောင်သွားပြီး တရုတ်နိုင်ငံက ယခင်လွှတ်တင်ထားသော ဘိုင်ဒူဂြိုဟ်တုကွန်ရက်နှင့်ချိတ်ဆက်ကာ သတင်းအချက်အလက်ထုတ်ပြန်ရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာနှင့် ၂၀၀၃ ခုနှစ် မေလအတွင်း ပြည်တွင်းလုပ်ဂြိုဟ်တုများ လွှတ်တင်ပြီး ဒေသဆိုင်ရာဂြိုဟ်တုကွန်ရက်စနစ်တစ်ခုကို ထူထောင်ထားခဲ့သည်။ ဘိုင်ဒူဂြိုဟ်တု ကွန်ရက်တွင် ယခင်ကလွှတ်တင်ထားသော ဂြိုဟ်တုသုံးလုံးရှိထားပြီး ဖြစ်သည်။ **(အင်တာနက်)**

ခရီးသည် ၂၆၄ ဦး တင်ဆောင်ပျံသန်းလာသည့်လေယာဉ် အင်ဂျင်မှမီးခိုးများထွက်လာသဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရ

ဆစ်ဒနီ ဇူလိုင် ၂၈

အဲကနေဒါလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဇူလိုင် ၂၈ ရက်က ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ ပျံသန်းထွက်ခွာလာစဉ် လေယာဉ်အင်ဂျင်မှ မီးခိုးများထွက်လာသဖြင့် ဆစ်ဒနီလေဆိပ်သို့ အရေးပေါ်ပြန်လည်ဆင်းသက်ခဲ့ရကြောင်း ဩစတြေးလျနိုင်ငံ ပို့ဆောင်ရေးဆိုင်ရာလုံခြုံရေးဗျူရိုက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

လေယာဉ်အမှုထမ်းလေးဦးအပါအဝင် ခရီးသည် ၂၆၄ ဦးတင်ဆောင်ကာ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့လေဆိပ်မှ ကနေဒါနိုင်ငံ ဗန်ကူဗာနှင့်တိုရွန်တိုမြို့များသို့ ပျံသန်းရန်ထွက်ခွာလာစဉ် လေယာဉ်အင်ဂျင်မှ မီးခိုးများထွက်ပေါ်လာသဖြင့် ဆစ်ဒနီလေဆိပ်သို့ ပြန်လည်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

လေယာဉ်အင်ဂျင်မှ မီးခိုးများထွက်ပေါ်လာသော်လည်း မီးလောင်မှုဖြစ်ပွားခြင်းမရှိကြောင်း၊ ခရီးသည်နှင့်လေယာဉ်အမှုထမ်းတစ်ဦးမျှ ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း အဲကနေဒါလေကြောင်းလိုင်းမှ အထွေထွေမန်နေဂျာ ဂျိမ်းဖော်စတာက ပြောကြားသည်။ လေယာဉ်ပေါ်၌ မတော်တဆမှုတစ်ရပ်ဖြစ်ခဲ့သည်ကို ၎င်းလေယာဉ်မှအမှုထမ်းများက မည်သည့်သတင်းမျှပေးပို့ခဲ့မှုမရှိကြောင်း ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်မှ မီးသတ်အဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

လေကြောင်းတိုက်ခိုက်မှု အာဖဂန်အရပ်သား သုံးဦးသေဆုံး

ကဘူးလ် ဇူလိုင် ၂၈

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဘူနာပြည်နယ်တွင် အမေရိကန်ဦးဆောင်သည့် နိုင်ငံခြားတပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး အာဖဂန်နစ္စတန်အရပ်သားသုံးဦး သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဇူလိုင် ၂၆ ရက်က ဖော်ပြပါရှိသည်။

အမေရိကန်ဦးဆောင်သည့် နိုင်ငံခြားတပ်ဖွဲ့ဝင်များက ဘူနာပြည်နယ်တွင် ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းက လေကြောင်းမှတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့က ယခုအထိတစ်စုံတစ်ရာ ဝေဖန်ပြောဆိုခြင်းမရှိပေ။

ဆက်ဆံရေးတင်းမာ

ထိုသို့ အာဖဂန်နစ္စတန်အရပ်သားများ သေဆုံးရမှုကြောင့် အာဖဂန်နစ္စတန်အစိုးရနှင့် အမေရိကန်အစိုးရတို့အကြား ဆက်ဆံရေးတင်းမာလာလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ

ဇော်ဦးစိုင်–စုစည်းသည်

ကမ္ဘာ့ကားရပ်နားခအမြင့်ဆုံးတွင် ဩစတြေးလျပါဝင်

ဆစ်ဒနီ ဇူလိုင် ၂၈

ကမ္ဘာပေါ်တွင် ကားရပ်နားခဈေးနှုန်း အမြင့်ဆုံးပေးဆောင်ရသည့်မြို့ များတွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နှင့် မဲလ်ဘုန်းမြို့များလည်း ပါဝင်နေကြောင်း သုတေသနအဖွဲ့ တစ်ဖွဲ့က ဇူလိုင် ၂၆ ရက်က သတင်းထုတ်ပြန်သည်။ ကားရပ်နားခမှာ နော်ဝေနိုင်ငံရှိ အော်စလိုမြို့က အများဆုံးဖြစ်ပြီး တစ်နေ့တာ ကားတစ်စီး ရပ်နားခ အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၀၄ ဒေါ်လာပေးဆောင်ရပြီး ယင်းနောက်တွင် ကိုပင်ဟေဂင်မြို့က ၇၃ ဒသမ ၁၁ ဒေါ်လာ၊ မဲလ်ဘုန်းမြို့က ၆၉ ဒသမ ၅၃ ဒေါ်လာနှင့် ဆစ်ဒနီမြို့က ၆၇ ဒသမ ၄၂ ဒေါ်လာ အသီးသီး ပေးဆောင်ရကြောင်း သိရသည်။ (အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ ကားတိုက်မှုဖြစ်၊ ၁၇ ဦး သေဆုံး

ဒါကာ ဇူလိုင် ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာမှ မြောက်ဘက် ၁၉၇ ကီလိုမီတာတွင်ရှိသည့် ရှာဂျဟန်ပွာခရိုင်ခွဲအတွင်း ကုန်တင်ယာဉ်နှင့်ခရီးသည်တင်ကားတို့ ဇူလိုင် ၂၈ ရက်နံနက်ပိုင်းက တိုက်မှုဖြစ်ပွားခဲ့သည်။ ထိုကားနှစ်စီးခေါင်းချင်းဆိုင်တိုက်မှုတွင် ၁၇ ဦး သေဆုံးပြီး ၃၆ ဦးကျော် ဒဏ်ရာရခဲ့သည်။ **(အင်တာနက်)**

နှစ် ၂၀၀ သက်တမ်းရှိဝိုင်ဖြူ ကမ္ဘာ့ဈေးအကြီးဆုံးဖြစ်

ပါရီ ဇူလိုင် ၂၈

နှစ် ၂၀၀ သက်တမ်းရှိသည့် ၁၈၁၁ ခုနှစ်ထုတ် ပြင်သစ်ဝိုင်ဖြူပုလင်းတစ်လုံးကို ခရစ်စတင်းဗင်းနစ်ဆိုသူ နာမည်ကြီးပစ္စည်းစုဆောင်းသူက အမေရိကန်ဒေါ်လာ ၁၂၃၀၀၀ ဒေါ်လာပေးဝယ်ယူခဲ့ကြောင်း၊ လေလံတင်ရောင်းချခြင်းမရှိခဲ့သည့် ယင်းဝိုင်ဖြူပုလင်းသည် ကမ္ဘာ့ဈေးအကြီးဆုံးအဖြစ် မှတ်တမ်းတင်ခဲ့ကြောင်း ဇူလိုင် ၂၇ ရက် အင်တာနက်သတင်းတွင် ပါရှိသည်။ ဗင်းနစ်သည် ယင်းဝိုင်ဖြူပုလင်းကို လန်ဒန်ရှိ အန်းတစ်ဝိုင်ကုမ္ပဏီမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အင်ဒိုနီးရှား ဘာလီရှိ ၄င်းပိုင်စားသောက်ဆိုင်တွင် ခင်းကျင်းပြသရန်စီစဉ်ထားကြောင်း သိရသည်။ (အင်တာနက်)

ဆိုးလ်မြို့ဝန်းကျင်၌ မိုးသည်းထန်ပြီးရေကြီး

ဆိုးလ် ဇူလိုင် ၂၈

တောင်ကိုရီးယားနိုင်ငံမြို့တော် ဆိုးလ်မြို့နှင့်ပတ်ဝန်းကျင်ရှိနယ်မြေဒေသများမှာ မိုးသည်းထန်ကာရေကြီးမှုများ ဖြစ်ပေါ်နေပြီး အသေအပျောက်ဦးရေ ၅၃ဦးအထိရှိပြီဖြစ်ကြောင်း တာဝန်ရှိသူများက ဇူလိုင် ၂၈ရက်တွင် ပြောကြားသည်။ ဇူလိုင် ၂၆ရက်ကစပြီး မိုးသည်းထန်ခဲ့ခြင်းဖြစ်ရာ နှစ် ၁၀၀ အတွင်း အပြင်းထန်ဆုံးမိုးရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

တောင်ကိုရီးယား ဂျီဂျူးကျွန်းကမ်းလွန်၌ ကုန်တင်လေယာဉ်ပျက်ကျ

ဆိုးလ် ဇူလိုင် ၂၈

တောင်ကိုရီးယားနိုင်ငံ ဂျီဂျူးကျွန်းကမ်းလွန်ပင်လယ်ပြင်သို့ အဲအာရှလိုင်းမှ ဘိုရင်း-၇၄၇ ကုန်တင်လေယာဉ်တစ်စင်း ဇူလိုင် ၂၈ ရက်က ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ လေယာဉ်မှူးနှင့် လေကြောင်းအရာရှိတို့ သေဆုံးခဲ့ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။ ***(ယာပုံ)***

ပျက်ကျခဲ့

၄င်းလေယာဉ်သည် တောင်ကိုရီးယားနိုင်ငံ အင်ချွမ်းနိုင်ငံတကာလေဆိပ်မှ ဇူလိုင် ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၅ မိနစ်၌ စတင်ထွက်ခွာလာခြင်းဖြစ်ပြီး တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ပူတောင်လေဆိပ်သို့ ဦးတည်ပျံသန်းစဉ် တောင်ကိုရီးယားနိုင်ငံ ဂျီဂျူးမြို့အနောက်ဘက် ကီလိုမီတာ ၁၇၀ ခန့်အကွာ ပင်လယ်ရေပြင်အတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ ဂျီဂျူးကမ်းခြေစောင့်တပ်ဖွဲ့၏ ကင်းလှည့်ရေယာဉ် တစ်စင်းက လေယာဉ်ပျက်ကျရာနေရာသို့ သွားရောက်ခဲ့ရာ လေယာဉ်ကိုယ်ထည်အပိုင်းအစများ ရေပြင်၌တွေ့ရှိရကြောင်း ၄င်းတို့ကပြောကြားသည်။ အဆိုပါလေယာဉ်ပေါ်၌ မီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်ဟု ယူဆရကြောင်း၊ သို့သော် လေယာဉ်ပျက်ကျခဲ့သည့် အခြားအချက်အလက်များကိုသိရှိရန် လေယာဉ်ပျံသန်းမှု သတင်းအချက်အလက် မှတ်တမ်းတင်သည့်သေတ္တာအား ရှာဖွေမတွေ့မချင်း အတည်မပြုနိုင်သေးကြောင်း တောင်ကိုရီးယားပို့ဆောင်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ လေယာဉ်မောင်းနှင်ပျံသန်းနေစဉ် လေယာဉ်မှူးက ၄င်း၏လေယာဉ်မှာ မီးလောင်မှုဖြစ်ပွားနေကြောင်း၊ ဂျီဂျူးလေဆိပ်သို့ဆင်းသက်ရန် ကြိုးစားနေကြောင်း ရှန်ဟိုင်းမြို့လေကြောင်းထိန်းသိမ်းရေးဌာနသို့ သတင်းပေးပို့ပြောကြားခဲ့သည်ဟု ၄င်းကဆက်လက်ပြောကြားသည်။ ယင်းကုန်တင်လေယာဉ်သည် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် မီးလောင်လွယ်သောသတ္တုပစ္စည်းများ ၀ ဒသမ ၄ တန် အပါအဝင် စုစုပေါင်း ကုန်တန်ချိန် ၅၈ တန်ကို တင်ဆောင်ပျံသန်းခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***

ဩစတြေးလျ၌ မုန်တိုင်းတိုက်ခတ်၊ အိမ်များပျက်စီး

ဆစ်ဒနီ ဇူလိုင် ၂၈

ဩစတြေးလျနိုင်ငံ အနောက်တောင်ပိုင်းဒေသသို့ ဇူလိုင်၂၇ ရက်ညပိုင်းက မုန်တိုင်းဝင်ရောက်တိုက်ခတ်ရာ အိမ်များပျက်စီးပြီး သစ်ပင်များပြိုလဲကာ ဓာတ်အားလိုင်းများပြတ်တောက်ခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဇူလိုင် ၂၈ ရက်၌ သတင်းဖော်ပြသည်။ *(ဝဲပုံ)*

ပျက်စီးခဲ့

မုန်တိုင်းဒဏ်ကြောင့် ဝါရီးနာမြို့တွင် အိမ်အများအပြား အမိုးများပွင့်ထွက်ပြီး အိမ်အချို့ပြိုလဲပျက်စီးခဲ့ကြောင်း၊ ဓာတ်အားကြိုးများ ပြတ်တောက်ခဲ့သဖြင့် နေအိမ်နှင့် အဆောက်အအုံများ ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း ဩစတြေးလျသတင်းဌာန(အေအေပီ)က သတင်းထုတ်ပြန်သည်။

လက်ခံရရှိ

တစ်ဖန် ပေါ့သ်မြို့ဝန်းကျင်ဒေသတွင်လည်း မုန်တိုင်းဒဏ်ခံရသဖြင့် ဒေသခံများ၏အကူအညီတောင်းခံမှု အကြိမ် ၆၀ ကျော်ခန့် လက်ခံရရှိခဲ့ရာ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ပြီး အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ *(အင်တာနက်)*

ရွှေတန်ချိန် ၁၀၀ ဖြင့် ပြုလုပ်မည့် တန်ဖိုးအမြင့်ဆုံး အပျော်စီးရွက်လှေတည်ဆောက်မည်

ကွာလာလမ်ပူ ဇူလိုင် ၂၈

မလေးရှားနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်သူဌေးကြီးတစ်ဦးက ကမ္ဘာပေါ်တွင် တန်ဖိုးအကြီးဆုံး ဇိမ်ခံအပျော်စီးရွက်လှေတစ်စင်းကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံအကုန်အကျခံကာ တည်ဆောက်မည်ဖြစ်ကြောင်း ဇူလိုင် ၂၇ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ထုတ်လုပ်

အဆိုပါအပျော်စီးရွက်လှေကို History Supreme ဟု အမည်ပေးထားပြီး လူကုံထံများအတွက် ဇိမ်ခံပစ္စည်းများ ထုတ်လုပ်ဖြန့်ချိနေသည့် ဗြိတိန်နိုင်ငံသား အသက် ၄၀ အရွယ် စတုအက်ဟိတ်စ်က ဒီဇိုင်းထုတ်လုပ်တည်ဆောက်ပေးမည်ဖြစ်သည်။ ၄င်းရွက်လှေကိုယ်ထည်အပြင်ဘက် ထက်ဝက်ခန့်ဧရိယာကို ရွှေတန်ချိန် ၁၀၀ ခန့်ဖြင့်ပြုလုပ်ရန် ဒီဇိုင်းထုတ်လုပ်ထားပြီး ***(အောက်ပုံ)*** *အခြားအဖိုးတန်သတ္တုကြီလိုဂရမ် ၁၀၀၀၀၀ ခန့်ကိုလည်း ရွက်လှေအတွင်းအပြင်တို့၌ အသုံးပြုသွားမည်ဖြစ်သည်။ အရှည် ပေ ၁၀၀ ရှိသော ၄င်းရွက်လှေအတွင်းရှိ အဓိက အိပ်ခန်းအတွင်းနှင့် အခန်းနံရံများတွင် ပလက်တီနမ်၊ ဥက္ကာခဲနှင့် အလွန်ရှားပါးသော သဘာဝတောရိုင်းတိရစ္ဆာန်တို့၏ အရိုးများဖြင့် ခမ်းနားထည်ဝါစွာ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်သည်။*

ပိုင်ဆိုင်ထား

ယခင်ကကမ္ဘာ့အကြီးဆုံးနှင့်တန်ဖိုးအမြင့်ဆုံးသင်္ဘောမှာ အီလစ်စီအမည်ရှိ ၅၃၃ ပေရှည်သော သင်္ဘောဖြစ်ပြီး ချယ်လ်ဆီးဘောလုံးအသင်းပိုင်ရှင် ရိုမန်အေဗရာမိုဗစ်က ပိုင်ဆိုင်ထားပြီး တန်ဖိုးငွေမှာ ပေါင် သန်း ၇၅၀ ဖြစ်သည်။ ယခုမလေးရှားစီးပွားရေးလုပ်ငန်းရှင်၏ ရွက်လှေတန်ဖိုးနှင့်နှိုင်းယှဉ်လျှင် အေဗရာမိုဗစ်၏ သင်္ဘောမှာ အလွန်ဈေးပေါသည့် သင်္ဘောဖြစ်သွားခဲ့ပြီဖြစ်သည်။

ယခုအခါ ကမ္ဘာ့တန်ဖိုးအမြင့်ဆုံးရွက်လှေကို တည်ဆောက်ရန် မလေးရှားနိုင်ငံ၌ ပြီးခဲ့သည့် သီတင်းနှစ်ပတ်က ဆွေးနွေးမှုများပြုလုပ်ပြီးဖြစ်ရာ အီတလီနိုင်ငံ၌ သုံးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ***(အင်တာနက်)***

29-7 (04).pmd 1 7/29/2011, 12:14 AM

ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား ကိုရီးယားသမ္မတနိုင်ငံ Ministry of Land, Transport and Maritime Affairs မှ Deputy Minister Mr. Chung, Nae-sam နှင့်အဖွဲ့သည် ဇူလိုင် ၂၇ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။(အပေါ်ပုံ)

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ညောင်ဦးမြို့နယ်၌ ရှင်းလင်းဆွေးနွေး

ညောင်ဦး ဇူလိုင် ၂၈

ညောင်ဦးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲက ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ၊ သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း၊ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(အပေါ်ယာပုံ)

အခမ်းအနားတွင် ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ပညာပေးဟောပြော

ဇူလိုင် ၂၄ရက်က တာမွေမြို့နယ် အရှေ့ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မိခင်နှင့်ကလေးကျန်းမာရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမတစ်ဦးက မိခင်များအား အသိပညာပေးဟောပြောစဉ်။ (၀၄၄)

နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲ ပျဉ်းမနားမြို့နယ်၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု၌ မန္တလေးတိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းရဲထွန်း ဦးဆောင်မှုဖြင့် ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြပြီး အသက် ၁၈ နှစ်ပြည့် ၈၂ ဦးနှင့် အသက် ၁၀နှစ်ပြည့် ၅၀ တို့အား မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (၁၃၉)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အခမ်းအနား တာချီလိတ်မြို့နယ်၌ကျင်းပ

တာချီလိတ် ဇူလိုင် ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက အောင်မြတ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွေးက ဖတ်ကြားသည်။ (အောက်ဝဲပုံ)

ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးစိုင်းကျော်ဇံက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောလွင်က ကုသကာကွယ် မူးယစ်အန္တရာယ်အကြောင်းကိုလည်းကောင်း၊တာချီလိတ်မူးယစ်အထူးအဖွဲ့မှ ဒုတိယရဲမှူး သန်းထူးက မြန်မာနိုင်ငံဘိန်းစိုက်ပျိုးမှုပပျောက်ရေးအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ပိုစတာ၊ ကာတွန်းနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအားဆုများ ချီးမြှင့်ခဲ့သည်။ (ခရိုင် ပြန်/ဆက်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြန်မာ့အလင်း စာအုပ်စင် ကဏ္ဍ

တေးရေးပညာရှင်ကြီးများ၏ နှောင်းခေတ်ကာလပေါ်တေး ထုတ်ဝေ

နေပြည်တော် ဇူလိုင် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန နှောင်းခေတ်ကာလပေါ် တေးသီချင်းများစိစစ်ရေးကော်မတီက ပြုစုသည့် နှောင်းခေတ်ကာလပေါ်တေးစာအုပ် အတွဲ(၄)နှင့် အတွဲ(၅) တို့ကို ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။

၁၉၄၈ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ နှစ်လေးဆယ်ကျော် ကာလအတွင်း မြန်မာ့အသံရေဒီယိုမှ ထုတ်လွှင့်ခဲ့သော မြန်မာသံစဉ်တေးသီချင်းများ အရေအတွက်သည် သောင်းနှင့်ချီရှိခဲ့သည်။ ယင်းသီချင်းများထဲမှ အကောင်းတကာ့ အကောင်းဆုံး ရေဒီယိုတေးချစ်သူတို့၏ စွဲမက်နှစ်ခြိုက်အခံရဆုံးတေးသီချင်းများကို ဦးစားပေးစိစစ်ပြုစု၍ တစ်အုပ်လျှင် တေးသီချင်းပုဒ်ရေ ၂၀၀ခန့်ဖြင့် စာအုပ်ပြုစုထုတ်ဝေခဲ့ရာ ယခုအခါ စာအုပ်အတွဲအမှတ် (၄)နှင့် အမှတ်(၅)သို့ ရောက်ရှိလာပြီဖြစ်သည်။

နှောင်းခေတ်ကာလပေါ်တေး အတွဲ(၄)တွင် တစ်ချိန်က မြန်မာသံစဉ်တေးချစ်သူတို့ အသည်းနှလုံးတွင် စွဲစွဲနစ်နစ် ခံစားခဲ့ရသည့်စန္ဒရားချစ်ဆွေ၏ တေးပေါင်း(၆၀)ကျော်နှင့်အတူ ရေဒီယိုချစ်သူတို့အသည်းစွဲ ဂီတစာဆိုများ ဖြစ်ကြသည့် ဂီတစာဆို ပန်တျာချစ်လှိုင်၊ တက္ကသိုလ်ချိုကြီး၊ စန္ဒရားအောင်ကြီး၊ သောင်းတင်ဌေး၊ စိန်မောင်မြင့်၊ မောင်ကြေးမုံ၊ မောင်ဆွေနွယ်နှင့် ဥက္ကလာခင်စောတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများ၊ စာဆိုတို့၏ တေးလက်ရာ မြန်မာသံစဉ်တေးစာသားများပါဝင်သည်။

နှောင်းခေတ်ကာလပေါ်တေး အတွဲ(၅)တွင် တစ်ချိန်က ရေဒီယို ပရိသတ်အသည်းကို ဆွဲကိုင်လှုပ်ခတ်ခဲ့သည့် ဂီတစာဆိုများဖြစ်ကြသည့် ကိုသက်ဦး၊ အကယ်ဒမီ စန္ဒရားလှထွဋ်၊ ကိုမျိုးဆက်၊ ကိုကျော်ညွန့်၊ ရေနံ့သာ ဝင်းမောင်နှင့် ရွှေဖြူးလွင်သစ္စာတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် စာဆိုတို့၏လက်ရာ တေးစာသားများ၊ တေးသံရှင် ကိုခင်မောင်လွင်၊ လီလီကြာညွန့်နှင့် ချိုဝေလွင်တို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် တေးစာသားများအပြင် ဂီတစာဆို ရဲဘော်တင်ကိုး၊ မောင်ယဉ်မော်၊ ကိုဝင်းစိုးနှင့် မောင်စန်းဝင့်တို့၏ တေးစာသားများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

အဆိုပါ နှောင်းခေတ်ကာလပေါ်တေးများစာအုပ် အတွဲ(၄)နှင့်အတွဲ(၅)တို့ကို တစ်အုပ်လျှင် ရောင်းဈေး ငွေကျပ် ၂၅၀၀နှုန်းဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားပြည်လမ်း ရန်ကုန်မြို့နှင့် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်တို့တွင်လည်းကောင်း၊ နေပြည်တော် သပြေကုန်းဈေး စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင်လည်းကောင်း ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သီချင်းတစ်ပုဒ်ပန်တီးမယ်ဆိုရင် စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၈

စာရေးဆရာ ဝင်းဟိန်းရေးသားသော Fruity Loop 10 နဲ့ သီချင်းတစ်ပုဒ် ဖန်တီးမယ်ဆိုရင်စာအုပ်ကို မဇ္ဈိမစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် စာဖတ်သူများ၏ အာရုံထဲ၌ရှိနေသည့် သံစဉ်များကို Computer ဖြင့် မိမိကိုယ်တိုင် ဖန်တီးနိုင်ရေးအတွက် ဂီတသီအိုရီများ၊ နည်းပညာများနှင့် ဂီတကိုပေါင်းစပ်ဖန်တီးပုံ၊ ဂီတတူရိယာ၏ သဘောသဘာဝ၊ တူရိယာတစ်ခုချင်းစီ၏ ဂီတသံများကို ဖန်တီးယူပုံ၊ သီချင်းတစ်ပုဒ်ဖြစ်လာသည်အထိကို Fruity loop ကို အသုံးပြုပုံ စသည်တို့ကို သဘောတရားများပြည့်စုံစွာ ဆက်စပ်နားလည်သွားစေရန် အရှင်းဆုံးရေးသားထားသည်။ အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၃၇ (ပ-ထပ်) ၃၉လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ရေသစ္စာယာဉ်လိုင်းသစ် ပြေးဆွဲမည်

ပုသိမ် ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်အောင်အခြေပြု ရေသစ္စာ ခရီးသည်ပို့ဆောင်ရေးယာဉ်အသင်းက ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်-ကြံခင်း-မြန်အောင်ခရီးစဉ်ကို ဇူလိုင် ၃၀ ရက်မှ စတင်ပြေးဆွဲသွားမည်ဖြစ်သည်။ အဆိုပါရေသစ္စာခရီးသည်ပို့ဆောင်ရေးယာဉ်အသင်းမှ ခေတ်မီအဆင့်မြင့် လေအိတ်ကားများဖြင့် ရန်ကုန်မှ နံနက် ၇ နာရီ၊ ည ၇ နာရီနှင့် ည ၈ နာရီခွဲများတွင် လည်းကောင်း၊ မြန်အောင်မှ နံနက် ၇ နာရီ၊ ည ၇နာရီနှင့် ည ၈ နာရီခွဲတွင်လည်းကောင်း တစ်နေ့သုံးကြိမ်ပြေးဆွဲသွားမည်ဖြစ်ပြီး လက်မှတ်ဈေးနှုန်းများအနေဖြင့် ရန်ကုန်မှ မြန်အောင်သို့ ငွေကျပ် ၅၃၀၀၊ ရန်ကုန်မှ ပြည်သို့ ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး အထူးအစီအစဉ်အနေဖြင့် (၁၀)ကြိမ်စီးလျှင် တစ်ကြိမ်အခမဲ့ စီးနင်းခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ကားလက်မှတ်များကို ရန်ကုန်မြို့ရှိ လက်မှတ်အရောင်းဌာနများတွင် ဝယ်ယူရရှိနိုင်ပြီး ရန်ကုန် ဖုန်း-၀၉-၄၃၀၈၃၀၀၀၊ ပြည် ဖုန်း-၀၉-၄၉၇၀၃၃၈၆၊ ကြံခင်း ဖုန်း-၀၄၄-၄၀၅၈၆၊ ၀၉-၄၉၂၄၂၁၆၁၊ မြန်အောင် ဖုန်း-၀၄၄-၅၀၂၉၀ နှင့် ၀၉-၄၉၇၂ ၄၄၈၈ တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Jose Carlos da Fonseca Junior သည် ဇူလိုင် ၂၆ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သနပ်ပင်မြို့၌ ပဲခူးစစ်တောင်းတူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်

သနပ်ပင် ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကျေးလက်နေပြည်သူများ ငါးစားသုံးမှု ပိုမိုလာစေရေးနှင့် ငါးသယံဇာတတိုးပွားကြွယ်ဝလာစေရေးအတွက် ပဲခူးစစ်တောင်းတူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။ **(ယာပုံ)**

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးစိုးနှင့် ဦးကိုကို၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မောင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန စခန်းတာဝန်ခံ ဦးထွန်းထွန်းဦး၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးအောင်ဇော်ဝင်းနှင့်ဝန်ထမ်းများက ငါးခုံးမကြီးကောင်ရေ ငါးသိန်းကို ပဲခူးစစ်တောင်း တူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။

(ငါးလုပ်ငန်းဦးစီးဌာန)



ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန် ကနောင်ခန်းမ၌ ဇူလိုင် ၂၃ ရက်က မြို့နယ်တွင်းရှိ ပြည်သူများအား ကျန်းမာရေး အသိပညာပေး ဟောပြောပွဲ ကျင်းပရာ ရှေးဦးစွာ သဃ်န်းကျွန်းမြို့နယ် စံပြဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်နွယ်ကြည်က ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ ဟောပြောပြီး သားဖွားနှင့် မီးယပ်ပါမောက္ခ ဒေါက်တာ ဒေါ်ကြည်ကြည်ညွန့်က သားဖွားနှင့် မီးယပ်ရောဂါနှင့် အခြားကျန်းမာရေးဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။ **(အောက်ဝဲပုံ)** ထို့နောက် ဆေးရုံအုပ်ကြီးနှင့် အထူးကုသမားတော်ကြီး ဒေါက်တာဒေါ်ချိုမာလှိုင်နှင့် အဖွဲ့ဝင် ၁၃ ဦး၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဦးသန်းထွန်းနှင့် အဖွဲ့ဝင် ၁၁ ဦး၊ အရိုးအကြော အထူးကုဆရာဝန်ကြီး ဒေါက်တာရဲငွေနှင့် အဖွဲ့ဝင် ရှစ်ဦး၊ သားဖွားနှင့် မီးယပ်ပါမောက္ခ ဒေါက်တာ ဒေါ်ကြည်ကြည်ညွန့်နှင့် အဖွဲ့ဝင် ၁၄ ဦး၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ သိန်းထွန်းနှင့်အဖွဲ့ဝင် ရှစ်ဦး၊ မျက်စိအထူးကု တွဲဖက်ပါမောက္ခ ဒေါက်တာ ဒေါ်ရီရီအောင်နှင့်အဖွဲ့ဝင် ခြောက်ဦးတို့သည် လူနာများအား ကွင်းဆင်းဆေးကုသမှုပေးခဲ့ကြကြောင်း သိရသည်။ **(ဝ၅၇)**

မွေး/ကု တက္ကသိုလ်(ရေဆင်း)ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၈

၁၉၈၇/၈၈-၁၉၉၅ ခုနှစ် မွေး/ကု တက္ကသိုလ် ရေဆင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်တိုဘာ ၂၃ ရက် (တနင်္ဂနွေနေ့)တွင် ရေဆင်းတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့်အလှူငွေနှင့်ပစ္စည်းများကို ဒေါက်တာမျိုးသန့် ဖုန်း-၀၉-၅၁၃၃၉၄၃၊ ဒေါက်တာ သူရိန်ထွန်း ဖုန်း-၀၉-၅၁၁၂၉၄၆၊ ဒေါက်တာသန်းသန်းနိုင် ဖုန်း-၀၉-၅၀၉၀၁၁၇၊ ဒေါက်တာ လင်းလင်းထက် ဖုန်း-၀၁-၇၀၆၅၉၇၊ ဒေါက်တာ အိသန္တာကျော် ဖုန်း-၀၉-၅၁၈၈၉၉၁၊ ဒေါက်တာဇော်မင်းထွန်း ဖုန်း-၀၉-၅၁၀၁၄၂၁၊ ဒေါက်တာမျိုးကိုမြတ် ဖုန်း-၀၉-၅၄၀၀၆၄၀၊ ဒေါက်တာတိုးမိုးအောင် ဖုန်း-၀၉-၅၃၁၀၅၇၅၊ ဒေါက်တာအောင်စွာကျော် ဖုန်း-၀၉-၅၁၈၅၀၈၇၊ ကိုဝဏ္ဏထွေး ဖုန်း-၀၉-၅၁၄၂၂၂၅၊ ဒေါက်တာဆောဘောမ် ဖုန်း-၀၉-၆၅၀၀၆၆၇နှင့် ဒေါက်တာ ကြည်တိုး ဖုန်း-၀၉-၅၁၄၂၄၁၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(ဝ၅၆)**

ကျောက်တံခါးမြို့နယ်၌ သစ်ပင်စိုက်ပျိုး

ကျောက်တံခါး ဇူလိုင် ၂၈

ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီ တစ်ရွာ တစ်ကေသစ်ပင်စိုက်ပျိုးခြင်းကို ဇူလိုင် ၆ ရက် နံနက်က မြို့ချောင်းကျေးရွာအုပ်စု သဲဝါကျေးရွာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးထွန်းလတ်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများကယူကလစ်ပင်၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ဆောက်လုပ်

ဇူလိုင် ၁၂ ရက်က ပုဏ္ဏားကျွန်းမြို့ ဘုရားတကာလမ်းပေါ်မှ သံကူကွန်ကရစ်တံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးတင်မောင် ကြီးကြပ်လျက် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးငွေနှင့် ဝန်ထမ်းများ ဆောက်လုပ်ကြစဉ်။ (မြို့နယ်စည်ပင်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ထိရောက်သည့် အကျိုးအာနိသင်ရှိပြီး ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းစေသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက် ရှိပါသည်။

၂။ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းများမှာ ကျန်းမာရေးနှင့်ကိုက်ညီမှု မရှိပါသဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီမှ ပြန်လည်သိမ်းဆည်းလျက် ရှိပါသည်။

၃။ အများပြည်သူလူထုသည် အဆိုပါအလှကုန်ပစ္စည်းများကို ဝယ်ယူထားရှိမိပါက သုံးစွဲခြင်းမပြုလုပ်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	အလှကုန်ပစ္စည်းအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ
၁။	Oral B Tooth and Gum Care Alcohol Free Mouth Rinse (500ml, 750ml)	Procter & Gamble International Operations
၂။	Oral B Tooth and Gum Care Mouth Rinse (350ml)	Procter & Gamble International Operations

ကျန်းမာရေးဝန်ကြီးဌာန

ဧရာဝတီတံတား(မကွေး)ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၂၈

ဧရာဝတီတံတား(မကွေး) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့် (၂)အကြားမှ လည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိပြီဖြစ်၍ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၂၇ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၅)နှင့် (၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၄)နှင့် (၅)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

မီးနီထွန်းပြသ

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ရေလမ်းတွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

ထုတ်ပြန်ထား

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်း ခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နေ့ချင်းပြီးဆောင်ရွက်

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးငွေဝင်း ဦးဆောင်လျက် အမှတ်(၆)ရပ်ကွက် အင်ဘုအခြေခံပညာ မူလတန်းလွန်ကျောင်း အမှတ် (၁၈) တွင် ကျောင်းသား ကျောင်းသူများအား ဇူလိုင် ၂၀ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကွန်ကရစ်တံတား တာမိုးညဲ၌ တည်ဆောက်

တာမိုးညဲ ဇူလိုင် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) တာမိုးညဲမြို့၌ အလှူရှင် ဦးအောင်ရင် မတည်လှူဒါန်းသော ဈေးပတ်လမ်း သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုကို ဇွန် ၂၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်၊ တံတားအလှူရှင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်နှင့်ဒီဂရီကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲဖွင့်

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၈

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အဆင့်အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီခွဲက ပုသိမ်မြို့ ပုသိမ်တက္ကသိုလ် အားကစားခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့် ဆရာဆရာမများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အစီအစဉ်အရ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပုသိမ်တက္ကသိုလ်အသင်းနှင့် မအူပင်တက္ကသိုလ်အသင်းတို့၏ ဘော်လီဘောယှဉ်ပြိုင် ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာ အသီးသီး၌ ဆက်လက်ကျင်းပရာ အမှတ်(၁)နေပြည်တော်အားကစားကွင်းတွင် ကျန်းမာရေးဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ အမှတ်(၂)နေပြည်တော်အားကစားကွင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ၁၂ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစား

ဇူလိုင် ၂၉ ရက် ပွဲစဉ်များအဖြစ် အမှတ်(၁)နေပြည်တော်အားကစားကွင်းတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဂျူဒိုလက်ရွေးစင်အသင်း ပြည်ပထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၈

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဂျူဒိုအဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံဂျူဒို အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာဂျူဒိုအဖွဲ့တွင် အားကစားသမားများအဖြစ် -၄၅ကီလိုတန်းတွင် မစဲလ်ဝီး(စက်မှု-၁)၊ -၄၈ ကီလိုတန်းတွင် မခင်ခင်စု(စက်မှု-၁)၊ -၅၂ ကီလိုတန်းတွင် မသဉ္ဇာစိုး(ရထား)၊ -၅၇ ကီလိုတန်းတွင် မဇင်မီမီသန်း(ရထား)၊ -၆၃ ကီလိုတန်းတွင် မအိဖြူစင်(စက်မှု-၁)၊ -၇၀ ကီလိုတန်းတွင် မသန္တာဝင်း (စက်မှု-၁)၊ -၇၈ ကီလိုတန်းတွင် မအေးအေးအောင်(စက်မှု-၁)နှင့် +၇၈ ကီလိုတန်းတွင် မခင်မျိုးသူ(ရထား)တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည် ဦးဆောင်၍ အုပ်ချုပ်သူ ဦးအောင်နိုင်ဆွေ၊ နည်းပြအဖြစ် အုပ်ခွဲတပ်ကြပ်ကြီး ဇော်လွင်နှင့် ဒိုင်အဖြစ် အရာခံဗိုလ်ညဏ်စိုးတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

အာဂျင်တီးနားနည်းပြ ဘာတစ္စတာ နည်းပြရာထူးမှ နုတ်ထွက်

ဗျူနိုအေရီ ဇူလိုင် ၂၈

အာဂျင်တီးနားအသင်းသည် ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်မှ ထွက်ခဲ့ရပြီးနောက် နည်းပြဆာဂျီယို ဘာတစ္စတာ ရာထူးမှနုတ်ထွက်ခဲ့ရသည်။ (ဝဲပုံ)

အိမ်ရှင်အာဂျင်တီးနားအသင်းသည် ကွာတားဖိုင်နယ်တွင် ဥရုဂွေးအသင်းကို ပယ်နယ်တီဖြင့် ရှုံးနိမ့်ခဲ့ရသည်။ အသက် ၄၈ နှစ်အရွယ်ရှိ ဘာတစ္စတာသည် အာဂျင်တီးနားအသင်းကို တစ်နှစ်တာသာ ကိုင်တွယ်ခဲ့ရသေးသည်။ ထို့အရင်က အာဂျင်တီးနားအသင်းကို မာရာဒိုနာကိုင်တွယ်ခဲ့သည်။ အာဂျင်တီးနားအသင်းသည် ကိုပါအမေရိကဖလားကို ၁၉၉၃ ခုနှစ်က နောက်ဆုံးဖလား ဆွတ်ခူးခဲ့သည်။ ယခုပွဲ၌ အာဂျင်တီးနားတို့ ရှုံးနိမ့်ခဲ့သဖြင့် ဩဂုတ် ၁၀ ရက်တွင် ရိုမေးနီးယားအသင်းနှင့် ဘူခါရက်သို့ ချစ်ကြည်ရေးသွားရောက်မည့် အစီအစဉ်ကိုလည်း ဖျက်သိမ်းလိုက်ရသည်။ နည်းပြ ဘာတစ္စတာသည် အသင်းမှ အလုပ်ဖြုတ်ခြင်းမဟုတ်ဘဲ စာချုပ်သက်တမ်း ကုန်ဆုံး၍ နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း အာဂျင်တီးနား ဘောလုံးအသင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ (အင်တာနက်)

ကွန်မြူနတီဒိုင်းလုပွဲမတိုင်မီ ကစားသမားအသစ်မခေါ်သေးဟု ဖာဂူဆန်ပြောကြား

မြင့်မောင်စိုး - စုစည်းသည်

လန်ဒန် ဇူလိုင် ၂၈

*မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနှင့် ဝင်ဘလေကွင်း၌ ကွန်မြူနတီဒိုင်းလုပွဲမတိုင်မီ မည်သည့်ကစားသမားကိုမျှ ခေါ်ယူဦးမည် မဟုတ်ကြောင်း မန်ယူနည်းပြ ဆာအလက်ဇ် ဖာဂူဆန်က ပြောကြားသည်။ **(ယာပုံ)***

ပရီမီယာလိဂ်ချန်ပီယံ မန်ယူနှင့် အက်ဖ်အေဖလားချန်ပီယံ မန်စီးတီးတို့သည် လာမည့် ဩဂုတ် ၇ ရက်တွင် ဝင်ဘလေကွင်း၌ ကွန်မြူနတီ ဒိုင်းလုပွဲ ကစားကြမည်ဖြစ်သည်။ နည်းပြ ဖာဂူဆန်သည် လာမည့်ပရီမီယာလိဂ်ဖလား ကာကွယ်နိုင်ရေးအတွက် အက်ရှ်လေယန်း၊ ဖီးလ်ဂျုံးစ်နှင့် ဂိုးသမား ဒေးဗစ်ဒေဂီယာတို့အား ဝယ်ယူထားပြီး ဖြစ်သည်။

*"လောလောဆယ် ကျွန်တော့်အနေနဲ့ ထပ်မံစာချုပ်ဖို့ မရှိသေးပါဘူး။ အသင်းနဲ့ အံဝင်ခွင်ကျဖြစ်မယ့် ကစားသမား ရှာမရသေးဘဲ ဖြစ်နေပါတယ်" ဟု နည်းပြ ဖာဂူဆန်က ပြောကြားသည်။ မန်ယူ ကွင်းလယ် ကစားသမား ပေါလ်စခိုး အနားယူပြီးနောက် ကွင်းလယ်ကစားသမား ရှုနိုက်ဒါ၊ အာဆင်နယ်မှ နာဆရီနှင့် စပါးမှ မိုဒရစ်တို့ကလည်း မန်ယူသို့ဆက်သွယ်ထားသည်။ သို့သော်လည်း ကစားသမားခေါ်ယူရေးကာလ မကုန်ဆုံးမီ မန်ယူက ကစားသမားတစ်ဦးထက်ပိုခေါ်ယူလိမ့်မည် မဟုတ်ဟု မန်ယူအမှုဆောင်အရာရှိ ဒေးဗစ်ဂီးလ်က ပြောကြားသည်။ **(အင်တာနက်)***

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ရွှေကူမြို့နယ် ဗိုလ်ချုပ်လမ်းနှင့် ဌေထင်ငယ်လမ်းဆုံ ရေမြောင်းကူးကွန်ကရစ်တံတားဆောက်လုပ်နေမှုကို ဇွန် ၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မိုင်းရှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့အဝင်မြေကွက်လပ်တွင် ရတနာတန်းဝင်ကျွန်းပင် ၂၀၀ ကို ဇူလိုင် ၄ ရက်က စိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးအောင်စည် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပန်းခြံအတွင်း မြေယာရှင်းညှိခြင်းနှင့် ပုံဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၃ ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မုဒုံမြို့နယ် ရှင်စောပုလမ်း ကတ္တရာခင်းခြင်းဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၁၀ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့နယ် ဂျိုးဖြူလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၅ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်တင်မာအေးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးတိုင်းဒေသကြီး၌ သမဝါယမလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ၇၃ လမ်း(မင်္ဂလာလမ်း)၊ ၂၆×၂၇ လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ GEC ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ဆေးရုံတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်အေးမူက အထွေထွေရောဂါများ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအဆစ်ရောဂါ၊ ဆီးနှင့်ကျောက်ကပ်ရောဂါ၊ ကလေးရောဂါ၊ သွားနှင့်ခံတွင်းရောဂါတို့ ကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ ရောဂါရှာဖွေခြင်း ဆောင်ရွက်မှုများအပြင် ငွေကြေးအမြတ်အစွန်းကို အဓိကမထားဘဲ အိမ်တိုင်ရာရောက် ကုသပေးမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် GEC ဆေးရုံရှိ ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ Ultra Sound၊ X-Ray၊ ECG ဓာတ်ခွဲခန်းများနှင့် လူနာခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံရှိ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မန္တလေး GEC ဆေးရုံတွင် အသင်းဝင် ဝန်ထမ်းများအား ဆေးကုသမှုစရိတ်၏ (၂၀)ရာခိုင်နှုန်းကို ပံ့ပိုးကူညီနိုင်သည်သာမက အများပြည်သူများကိုပါ ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်သည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ အငြိမ်းစားဝန်ထမ်းများကိုလည်း အလားတူစောင့်ရှောက်ပေးစေလိုကြောင်း၊ သမဝါယမကဏ္ဍတွင် ယခုကဲ့သို့အသင်းများ ရေရှည်တည်တံ့ခိုင်မြဲ၍ တိုးတက်မှုရှိရေး၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်နိုင်ရေးအတွက် "Youth, the Future of Co-operative Enterprise" ဟု ဆိုသည့်အတိုင်း လုပ်ငန်းများ တိုးချဲ့လျက် လူငယ်များ ပိုမိုပါဝင်လာရေးစည်းရုံးဆောင်ရွက်ကြရန်ဖြစ်ကြောင်းတိုက်တွန်းပြောကြားသည်။

လှူဒါန်း

ယင်းနောက် မန္တလေး GEC ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ ကို မန္တလေးတိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်က လည်းကောင်း၊ Oxygen စက်နှစ်လုံးကို ဇဟိုသမဝါယမအသင်းလီမိတက်နှင့် သမဝါယမဘဏ် လီမိတက်တို့က လည်းကောင်း လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၈၂ လမ်း၊ ၂၁ ×၂၂ လမ်းကြားရှိ မိုးကုတ်မြို့နယ်သမဝါယမအသင်းစု၏ ပတ္တမြားငမောက်ဟိုတယ်ကို ကြည့်ရှုစစ်ဆေးပြီး အသင်းဝင်များနှင့် တွေ့ဆုံကြသည်။

ယင်းနောက် ၂၆ လမ်း၊ ၈၄×၈၅ လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ Shopping Centre ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်မျက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

မှာကြား

ထို့နောက် သမဝါယမဘဏ် လီမိတက်(ဘဏ်ခွဲ-၂)သို့ သွားရောက်၍ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲပေးပို့မှုကို E-Banking စနစ်ဖြင့်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံပြည်သူများအား ရှင်းလင်းမှာကြားစဉ်။ (သတင်းစဉ်)

အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားကတ်လွယ်ကူစွာရရှိရေး မိမိဝန်ထမ်းများဖြင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင်၂၇ ရက် နံနက် ၉ နာရီမိနစ် ၄၀ တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက ဒေသခံပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများစိစစ်ထုတ်ပေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြန်လည်ဖြေကြား

ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သတ်မှတ်ငွေကြေးနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူမြန်ဆန်စွာရရှိရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကြားပွဲစားများမလိုဘဲ မိမိဝန်ထမ်းများဖြင့် တိုက်ရိုက်ထိတွေ့ဆက်ဆံဆောင်ရွက်ရေး၊ လုပ်ငန်းများအောင်မြင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေး တို့ကိုရှင်းလင်းမှာကြားပြီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားလာရောက်လျှောက်ထားသည့် ဒေသခံပြည်သူများ၏ မေးမြန်းချက်များနှင့် အခက်အခဲများကို ပြန်လည်ဖြေကြားဆွေးနွေးကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုလသမဂ္ဂရုံး ညွှန်ကြားရေးမှူးချုပ်ထံ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမောင်ဝေက ၎င်း၏ခန့်အပ်လွှာကို ပေးအပ်

နေပြည်တော် ဇူလိုင် ၂၉

ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမောင်ဝေသည် ၎င်း၏ခန့်အပ်လွှာကို ဇူလိုင် ၁၁ ရက်တွင် ဂျီနီဗာမြို့၌ ကုလသမဂ္ဂရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ ခါဆင်မ် ယိုမာတ် တိုကာရဲဗ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

တောင်အာဖရိကနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးမြင့်နောင်က ၎င်း၏ခန့်အပ်လွှာကို ပေးအပ်

နေပြည်တော် ဇူလိုင် ၂၉

တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်သည် ၎င်း၏ခန့်အပ်လွှာကို ဇူလိုင် ၁၂ ရက်တွင် ပရီတိုးရီးယားမြို့၌ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလှဲကိဆာ ဇူးမားထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်-စစ်တွေလမ်း(အမ်း-စစ်တွေလမ်းအပိုင်း) အတက်၊ အဆင်း ပြေပြစ်စေရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်သည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အတွင်းရှိ ရန်ကုန်-စစ်တွေလမ်း (အမ်း - စစ်တွေလမ်းအပိုင်း) မိုင်တိုင်အမှတ် (၈/၇)မှ (၁၁/၅) အထိ မဲတောင်ပတ်လမ်း အတက်၊ အဆင်း ပြေပြစ်စေရေးဆောင်ရွက်ထားရှိမှု၊ ရေထုတ်ပြွန်များနှင့် တောင်နံရံမြေဖြတ်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၂၇/၀)ရှိ ဒါးလက်ချောင်းတံတားအား ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ရေလယ်တိုင်အမှတ် (P-7)၏ မြစ်ရေတိုက်စားပျက်စီးမှုကို အမြန်ဆုံးပြန်လည်အစားထိုးပြုပြင်ရေး မှာကြားခဲ့သည်။

ဆက်လက်၍ မိုင်တိုင်အမှတ် (၃၇/၃)တွင် အင်ဂျမ်းချောင်းတံတားဆောက်လုပ်မည့်နေရာကို ကြည့်ရှုပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ယင်းနောက် မိုင်တိုင်အမှတ် (၉၁/၂)ရှိ ရာမောင်တံတား၏ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြေပုံမြို့နယ် မိုင်တိုင်အမှတ်(၁၀၃/၀-၁၀၃/၁)အတွင်းရှိ တံတားအမှတ် (၁/၁၀၄)၏ မိုးသည်းထန်စွာ ရွာသွန်းပြီး ထူးကဲဒီရေမြင့်တက်မှုကြောင့် ပျက်စီးမှုနှင့် မိုင်တိုင်အမှတ် (၁၀၇/၃)နှင့် (၁၀၈/၄)အကြား တံတားပေါ်၌ ရေလျှံနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းနှင့်တံတားများ အမြန်ဆုံးပြင်ဆင်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပတ္တမြားဈေးမီးသတ်ရေပိုက်လိုင်းများ သွယ်တန်းနေမှုကို ဇွန် ၂၁ ရက်က အမှုဆောင်အရာရှိ ဦးပြည်စိုးနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်မျိုးသက်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + အာဋာနာဋိယသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **တရားဦးဓမ္မစကြာ** တရားတော် (အပိုင်း-၂) [ဆရာတော် အရှင်ပညာသီဟာဘိဝံသ]
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၉)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၁)
၈:၄၅ အလှူမှာထူးကဲ ထီးဆောင်းရွာမှ သွေးလှူပွဲ
၉:၀၀ မိုးကုတ်မြို့ ကျပ်ပြင် (အထက)မှ အာစရိယသို့ ဝန္ဒာမိလွှာ
၉:၁၅ Activities in the City [(မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)၏ လက်ဖွဲ့ရှင်ဘယ်သူလဲ စာအုပ်မိတ်ဆက်ပွဲ]
၉:၃၅ ဆိုးဆေးသုံး အစားအစာများ (ဒေါက်တာဝင်းသိန်း)
၁၀:၀၀ ခုနစ်နှစ်ပြည့် MRTV-4 အစီအစဉ်များ
၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၉)
၁:၀၀ **တရားဦးဓမ္မစကြာ** တရားတော် (အပိုင်း-၂) [ဆရာတော် အရှင်ပညာသီဟာဘိဝံသ]
၂:၀၀ MRTV-4 သတင်း
၂:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၁)
၃:၀၀ ခုနစ်နှစ်ပြည့် MRTV-4 အစီအစဉ်များ
၆:၀၀ MRTV -4 သတင်း
၆:၂၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (မြိုင်စာသင်တိုက်နှင့် သီလရှင်သင်ပညာရေးကျောင်း)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၀)
၇:၃၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (ထောက်ကြန့်မိဘမဲ့ကလေး ထိန်းသိမ်းစောင့်ရှောက်မှုဂေဟာ)
၈:၀၀ MRTV -4 သတင်း
၈:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၂)
၉:၃၀ MRTV-4 7th Anniversary Live Show ခိုင်ထူး၊ဆောင်းဦးလှိုင်၊ မျိုးကျော့မြိုင်၊ စည်သူလွင်၊ မိုးမိုး၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း
၁၂:၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂:၄၅ World of Knowledge (Mega Fish)
၁:၃၅ ကြည်လင်သောရေ၏ လှို့ဝှက်ချက်
၁:၄၅ ပိတုန်းရောင် ကေသာဦးအတွက်··
၂:၀၀ Fifa U-20 World Cup Colombia 2011 (England Vs North Korea)
၄:၀၀ ညောင်ဇင်ရွာတစ်ထောက်နား စားဖွယ်ကများ
၄:၁၅ **ဇီဝိတဒါန သွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့** (၄က်ပျောကြော်၊ ချစ်သုဝေ၊မိုးယုစံ၊ မီးမီးသုခ) ဒါရိုက်တာ-ကိုရွှေမိုးသက်
၄:၂၀ သာယာစိုပြည် ကြံခင်းမြေ
၄:၃၀ ကပ်လျှူပူဇော် ကုသိုလ်ယူမယ် ဆံတော်ရှင်ကျိုက်သုတ် စေတီတော်ဝယ်
၄:၄၀ ဗုဒ္ဓဂယာ မဇ္ဈိမဒေသဆီသို့
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်၌ GSM တာဝါတိုင် ပန္နက်တင်မင်္ဂလာကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန် GSM တာဝါတိုင် စတင်တည်ဆောက်ခြင်း ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီတွင် အေးသာယာစက်မှုဇုန် အော်တိုအိတ်ချိန်း အဆောက်အအုံဝင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆက်သွယ်ရေးဝန်ထမ်းများ တက်ရောက်ကြသည်။

တိုးချဲ့တပ်ဆင်

ရှေးဦးစွာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းပြည်နယ်မန်နေဂျာ ဦးစိုးသိန်းက ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက GSM မိုဘိုင်းလ်စနစ် လိုင်းသန်း ၃၀ တိုးချဲ့တပ်ဆင်ရေး ငါးနှစ်စီမံကိန်းမှပထမနှစ် လိုင်းလေးသန်းတိုးချဲ့ခြင်း စီမံကိန်းအရ စီမံကိန်းပထမအဆင့်အဖြစ် ပြည်နယ်အတွင်း မြို့နယ်ပေါင်း ၄၇ မြို့နယ်၌ ရေဒီယိုစခန်းပေါင်း ၈၁ ခု အသစ်တည်ဆောက်တပ်ဆင်ပြီး GSM မိုဘိုင်းလ် တယ်လီဖုန်းလိုင်းအင်အား ၂၃၀၀၀၀ ခန့် တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် တယ်လီဖုန်းသိပ်သည်းဆ ၂ ဒသမ ၄၃ ရာခိုင်နှုန်းခန့် ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် Elite Tech Group မှ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းခင်မောင်အေးက လုပ်ငန်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ပန္နက်တင်

ယင်းနောက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် Elite Tech Group မှ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းခင်မောင်အေးတို့က မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အော်တိုအိတ်ချိန်းစက်ရုံအတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန် GSM တာဝါတိုင် စတင်တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် ပန္နက်တင်ပေးစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား တရုတ်နိုင်ငံကောင်စစ်ဝန် လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုကောင်စစ်ဝန်ရုံးမှ ကောင်စစ်ဝန် Mr.Gao Hua သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ရုံးခန်း၌ လာရောက်တွေ့ဆုံပြီး ပညာရေးဆိုင်ရာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယဉ်ကျေးမှု ကောင်စစ်ဝန်ရုံးမှ ကောင်စစ်ဝန် Mr.Gao Hua လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့သို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ အဖွဲ့အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အဖွဲ့ရန်ပုံငွေ အတွက် အလှူငွေကျပ် ၁၀ သိန်းကို အလှူရှင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ (ဗိုလ်ချုပ်ကြီး စိုးဝင်း)၏ ဇနီး ဒေါ်သန်းသန်းနွဲ့ (မလေး-မုံရွာ) မိသားစုကိုယ်စား ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ပေးအပ်လှူဒါန်းပြီး အောင်စည်းဗိမ်ကျောက်မျက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာဦးအောင်ကြီး (ကျေးဇူးကြီးလှမိနှင့်ဖအဖွဲ့)- ဒေါ်နန်းတိုးတိုးရွှေ (သား) မောင်တင်ထွန်းအောင် မိသားစုက အလှူငွေကျပ်ငါးသိန်းနှင့် ဦးမြင့်မောင်မိသားစု (ဖူဂျီပန်းချီဆေးဆိုင်)က ငွေကျပ်တစ်သိန်းနှင့် မဂ္ဂဇင်းစာအုပ် ၈၃ အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် တာဝန်ရှိသူများကလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်
ဝါဆိုလပြည့်ကျော် ၁၄ရက်
(အဖိတ်နေ့)
၂၉-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချို့အေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၅ ၈။ အတီးပြိုင်ပွဲ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)အခြေခံပညာ ဦးစီးဌာန ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) အထက(၁) မှော်ဘီ (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄:၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၄၅ ၅။ နှောင်းခေတ်တေးပဒေသာ
၄:၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၃၀ ၉။ ရိုးသားဖြူစင် ကလေးတို့အသွင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၁၄)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **လျှပ်တစ်ပြက်ဟာသများ**
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၁၈)
၁၉။ အစီအစဉ်ပြီး၏။

သစ်ပင်စိုက်ပျိုးပွဲ နမ့်စန်မြို့နယ်၌ ကျင်းပ

နမ့်စန် ဇူလိုင် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်၏ အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လူထုလှုပ်ရှားသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီက မက်မွန်မွန်းကျေးရွာအုပ်စု အမှတ်(၂)ကျေးရွာတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးဌာနမှူး ဦးဇော်အောင်လေးနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးနိုင်မင်းသိန်းတို့ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ပျိုးပင်ပေါင်း ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အုတ်ဖို၌ ကျေးလက်လမ်းခင်း

အုတ်ဖို ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးပြေကျော်နှင့် အဖွဲ့ဝင်များသည် အုတ်ဖိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ပထမသုံးလပတ်လုပ်ငန်းများဖြစ်သော မြို့ပြလမ်း၊ မြို့ပြရေပေးရေးနှင့် ကျေးလက်လမ်းခင်းခြင်း လုပ်ငန်းတို့ကို ကွင်းဆင်းစစ်ဆေးရာ ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိဦးဌေးလွင်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်တင့်တို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ်စည်ပင်)**

❖ *ကျောဖုံးမှ*

ဇာဟောရွာသို့ရောက်၍ ရွာအနီးရှိ အုံ့တုံးတောင်ပေါ်၌ ပုဂံအလောင်းစည်သူမင်းကြီး တည်ထားသော ဘုရားရှိသည်ဆိုသဖြင့် ဖူးမြော်ချင်စိတ်ပေါ်လာကာ တောင်ပေါ်ခရီးထွက်လာခဲ့သည်။

အုံ့တုံးတောင်နှင့် ဇာဟောရွာမှာ သုံးမိုင်ခန့်ဝေးသည်။ နာရီဝက်ကျော်ကျော်ခန့် ခရီးနှင်ရသည်။ အုံ့တုံးတောင်နှင့် ဇာဟောရွာကို ဇာဟောချောင်းရေက ခြားထားသည်။ အုံ့တုံးတောင်နှင့် ဇာဟောရွာကို လွယ်ကူစွာ ကူးသန်းသွားလာနိုင်ရန် ဇာဟောချောင်းဖြတ် ဝါးတံတားကလေးကို ဆောက်လုပ်ထားသည်။ ထိုဝါးတံတားကလေးပေါ်က ဖြတ်လိုက်လျှင် ပုဂံအလောင်းစည်သူမင်းကြီး တည်ထားတော်မူခဲ့သော အုံ့တုံးတောင်ဘုရားသို့ ရောက်ရှိသည်။ စာရေးသူသည် အုံ့တုံးတောင်ပေါ်သို့ ရောက်လျှင်ရောက်ချင်း အုံ့တုံးတောင်စေတီကို လက်ယာရစ် ဖူးမြော်ပြီးနောက် စေတီကုန်းမြင့်ပေါ်မှ ဇာဟောရွာဘက်ဆီသို့ လှမ်းမျှော်ကြည့်ရှုလိုက်သော အခါ ဇာဟောချောင်းနှင့် အပြိုင် ထင်ထင်ရှားရှားကြီး မြင်လိုက်ရသည်ကား ဂန့်ဂေါ-ဇာဟော-ရေစကြို လမ်းမသစ်ကြီးပင် ဖြစ်တော့သည်။

ပေါင်းဆုံ

လမ်းမသစ်ကြီးသည် ဇာဟောရွာကို အနောက်ကကွေ့ပတ်၍ အရှေ့ဘက် အုံ့တုံးတောင်ခြေရင်းရှိ ဂန့်ဂေါ- ဟားခါးလမ်းမကြီးနှင့် ပေါင်းဆုံလျက်ရှိသည်။ ဂန့်ဂေါ-ဟားခါး နေ့စဉ်ပြေးဆွဲပေးနေသော မှန်လုံကားသံများကို ဇာဟောရွာကရော အုံ့တုံးတောင်ပေါ်ကပါ အတိုင်းသား ကြားနေရသည်။

တစ်မျှော်တစ်ခေါ်

အုံ့တုံးတောင်ကို ရစ်ခွေစီးဆင်းနေသော ဇာဟောချောင်း။ ဇာဟောချောင်းကမ်းဘေးဝဲယာတွင် ဇာဟောသူ၊ ဇာဟောသားတို့ စိုက်ပျိုးထားသော ငရုတ်စိုက်ခင်း၊ ကြက်သွန်စိုက်ခင်း၊ ဖရဲစိုက်ခင်း၊ မေမြို့ပန်းခင်းများကို တစ်မျှော်တစ်ခေါ် တွေ့မြင်နေရသည်။

လမ်းမသစ်

ထိုအုံ့တုံးတောင်ပေါ်က အနောက်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ပါက ချင်းပြည်နယ် မဥ္စူတောင်တန်းမှ မြစ်ဖျားခံစီးဆင်းလာခဲ့သော ဇာဟောချောင်းကြီးကို မြွေလိမ်မြွေကောက် သဖွယ် မြင်တွေ့ရသည်။ ထိုမှ နတ်ပခြုပ်၊ နတ်နဂါးတို့ပျော်စံရာ တောင်ကတုံး ဖြူဖြူဖွေးဖွေးတို့ကို ရေးရေးမြင်ရသည်။ ထိုတောင်များ၏ တောင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ပါကဇာဟောချောင်း ခွေပတ်စီးဆင်းနေသည့် ဇာဟောရွာကြီး။ ထိုရွာကြီး၏ အနောက်ဘက်တွင်ကား ဖြူဖြူဖွေးဖွေး အသစ်ဖောက်လုပ်ထားသော ဂန့်ဂေါ-ဇာဟော-ရေစကြိုလမ်းမသစ်ကြီးပေတည်း။

ဖောက်လုပ်ပြီးစီး

ဂန့်ဂေါ-ဇာဟော-ရေစကြိုလမ်းမသစ်ကြီးကို ၂၀၀၉-၂၀၁၀ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ရာ ယခုဆိုလျှင် ထိုလမ်းမသစ်ကြီးသည် စိုင်ဒူးရွာ- အုံ့တုံးတောင်ခြေရင်းရှိ ဂန့်ဂေါ- ဟားခါးလမ်းမကြီးနှင့် ပေါင်းဆုံသွားပြီဖြစ်သည်။ ကားလမ်းသစ်ကြီးမှာ မြေသားလမ်းအဆင့် ဖောက်လုပ်ပြီးစီးသွားပြီ ဖြစ်သည်။

ဖောက်လုပ်ထား

ဂန့်ဂေါ-ဇာဟော-ရေစကြိုလမ်းမသစ်ကြီးသည် ချင်းပြည်နယ် ရေစကြိုမြို့နှင့် ယောနယ်ရှိ ဂန့်ဂေါမြို့တို့ကို ဆက်သွယ် ဖောက်လုပ်ထားသည့် ကားလမ်းမသစ်ကြီး ဖြစ်သည်။ မိုင်ပေါင်း ၁၁၁ မိုင် ၆ ဖာလုံရှိပြီး ဂန့်ဂေါမြို့နယ် ရှုံးရှီရွာမှ ချင်းပြည်နယ် ရှာထလိုင်းရွာသို့ ၇၂ မိုင်၊ ရှာထလိုင်းရွာမှ ရေစကြိုသို့ ၃၉ မိုင် ၆ ဖာလုံ ရှိကြောင်း သိရသည်။

သွားလာနိုင်မည်

ယခင်က ထိုလမ်းမှသွားလျှင် နွေရာသီတွင် သုံးလသာသွားနိုင်သည်။ မြစ်သာမြစ်က ကာဆီးထားနေ၍ဖြစ်သည်။ ယခု ကားလမ်းမကြီးတွင် ရှာဟောရွာအနီးရှိ ရှာဟောချောင်းဖြတ်တံတားကြီး တည်ဆောက်ပြီးစီးလျှင် သို့မဟုတ် မြစ်သာမြစ်ဖြတ်တံတားကြီး တည်ဆောက်ပြီးစီးပါလျှင် ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်သည်။

လွယ်ကူစွာသွားလာနိုင်

မြစ်သာမြစ်ကို လည်းကောင်း သို့မဟုတ် ဇာဟောချောင်းကိုလည်းကောင်း တံတားကြီးတစ်စင်း တည်ဆောက်ပြီးစီးပါက ဂန့်ဂေါ-ဇာဟော- ရှုံးရှီ ကျေးရွာများကိုဖြတ်၍ ချင်းပြည်နယ် ရေစကြိုမြို့အထိလည်းကောင်း၊ ဟားခါးမြို့အထိ လည်းကောင်း၊ ကြောင်တီးယားအထိလည်းကောင်း၊ ထန်တလန်အထိ လည်းကောင်း လွယ်ကူစွာ သွားလာနိုင်တော့မည် ဖြစ်သည်။

ခရီးနှင်

ယခု ဂန့်ဂေါ-ဇာဟော-ရေစကြို လမ်းသစ်ကြီးမှ ချင်းပြည်နယ်သို့ ခရီးနှင်ပါက ဂန့်ဂေါမှ ရေစကြိုအထိ ၁၁၁ မိုင် ၆ ဖာလုံ၊ ရေစကြိုမှ မတူပီမြို့သို့ ၆၇ မိုင် ၅ ဖာလုံ၊ ဟားခါးသို့ ၆၅ မိုင် ၄ ဖာလုံ၊ ကြောင်တီးယားသို့ ၁၆ မိုင် ၄ ဖာလုံ၊ ကြောင်တီးယားမှ ထန်တလန်သို့ ၁၆ မိုင် ၄ ဖာလုံသာ ခရီးနှင်ရတော့မည်။ ထန်တလန်သို့ရောက်လျှင် ဟားခါးသို့ ခရီးဆက်ပါက ၂၄ မိုင်သာ ဝေးတော့မည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

ထို့ကြောင့် ဂန့်ဂေါ-ဇာဟော- ရေစကြိုလမ်းမသစ်ကြီး၏ အကျိုးကျေးဇူးကြောင့်ပင် ယောဒေသနှင့် ချင်းပြည်နယ်တို့သည် တစ်ဆက်တစ်စပ်တည်းဖြစ်သွားကာ လမ်းတစ်လျှောက်ရှိ မြို့ပြကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။ သွားလမ်းသာ၍ လာလမ်းဖြောင့်ကြတော့မည် ဖြစ်သည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားညီအစ်ကိုများ ပိုမိုချစ်ခင်ရင်းနှီးမှု ရရှိကြတော့မည်ဖြစ်သည်။ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝသည်လည်း တစ်ရှိန်ထိုး ဖွံ့ဖြိုး တိုးတက်ကြတော့မည်မှာ ဧကန်မလွဲပင်။ ။ ။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အင်ဒိုနီးရှားနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ P T Surya Raya Mulia Lestari Co., Ltd. ဥက္ကဋ္ဌ Mr. Suryo Tjoe နှင့်အဖွဲ့သည် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ သတ္တုတွင်းဦးစီးဌာနနှင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူလတန်းကြိုကျောင်းသစ် ကျိုက်မရောမြို့နယ်၌ဖွင့်

ကျိုက်မရော ဇူလိုင် ၂၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျိုက်ပရန်ကျေးရွာတွင် မူလတန်းကြိုကျောင်းသစ်ဖွင့်ပွဲကို ဇူလိုင် ၈ ရက် နံနက်က ကျင်းပရာ ကျောင်းသစ်ကို မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်စမ်းစမ်းလွင်နှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျိုက်မရောမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မူလတန်းကြို ကျောင်းသားကျောင်းသူများအား ကျောင်းသုံးပစ္စည်းများပေးအပ်ကြပြီး ဓူဝံ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ သွားရောက်ကာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သာပေါင်းမြို့နယ်ဆေးရုံ၌ ဓာတ်မှန်စက်သစ်ဖွင့်

သာပေါင်း ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဓာတ်မှန်စက်သစ်ဖွင့်ပွဲကို ဇူလိုင် ၁၃ ရက်နံနက်က ဓာတ်မှန်ဆောင်၌ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြပြီး ဓာတ်မှန်စက်သစ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်လွင်၊ ဆေးရုံကြီးကြပ်မှုကော်မတီဝင် ဦးကိုကိုလေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ)(မြို့နယ်ကျန်းမာရေး)

မိုးရာသီ စပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဘုတ်ပြင်း၌ကျင်းပ

ဘုတ်ပြင်း ဇူလိုင် ၂၈

မိုးရာသီ စပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီက ဘုတ်ပြင်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် ရွှေသာလျောင်းဘုရားကုန်းတော်ပတ်ဝန်းကျင်၌ ကျင်းပသည်။

အဆိုပါ စပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်တင်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးနိုင်လင်းနှင့် သစ်တောဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများက မဟော်ဂနီ၊ ပျဉ်းကတိုး၊ ခရေ၊ စိန်ပန်းနှင့် အရိပ်ရပန်းအလှပင် ၅၀၀ ခန့်ကို စပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁) သဘော်ဆိပ်ရပ်တွင် ကျောင်းသားများ ခြင်ကြောင့်ဖြစ်တတ်သော ရောဂါများမဖြစ်ပွားစေရန်အတွက် ဇူလိုင် ၅ ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း ဖျာပုံ၌ သရုပ်ပြ

ဖျာပုံ ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု စံပြစိုက်ကွင်း အမှတ်(၄၅၇ အေ)၊ ဦးပိုင် ၁၉/၁ ရှိ လယ်သမားကြီး ဦးတင်ဝင်း၏ လယ်ငါးဧကတွင် မျိုးစေ့အလေအလွင့်နည်းစေရေးနှင့် တစ်ဧက တင်း ၁၀၀ နှင့်အထက်ရရှိရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ် (၁၄) ချက်နှင့်အညီ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင် ၂၆ ရက်က ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲသို့ ကျေးရွာအုပ်စုအတွင်းရှိ လယ်သမားများတက်ရောက်ကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမြင့်ကြွယ်က သိပ္ပံနည်းကျစိုက်ပျိုး နည်းစနစ် (၁၄)ချက်ကို ရှင်းလင်းဆွေးနွေးကာ ကွင်းဝန်ထမ်းများက လက်တွေ့သရုပ်ပြ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

နွေစပါးစံကွက်ရိတ်သိမ်းပွဲ ဂန့်ဂေါ၌ကျင်းပ

ဂန့်ဂေါ ဇူလိုင် ၂၈

စပါးအထွက်နှုန်းမှန်ကန်ရေး နွေစပါးစံကွက်ရိတ်သိမ်းပွဲကို တောင်ခရမ်းဆည်ရေသောက်ဧရိယာဖြစ်သည့် ဂန့်ဂေါမြို့နယ် ရွှေဘိုကျေးရွာကွင်းအမှတ်(၂၉)၊ ဦးပိုင်အမှတ်(၃၁) တောင်သူ ဦးတင်ရွှေ၏ ဆင်းနွှယ်ရင်စပါးမျိုး စိုက်ဧကနှစ်ဧက၌ ဇူလိုင် ၂၃ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ဆွေတို့ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်ခင်မာအေး၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးအေးမောင်တို့က ကြီးကြပ်၍ စံကွက်ရိတ်သိမ်းကြရာ စပါးအထွက်နှုန်း တစ်ဧက ၁၀၈ ဒသမ ၈၁ တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကွင်းဆင်းစစ်ဆေး

ဇူလိုင် ၁၈ ရက်က အရာတော်မြို့နယ် အောင်သာ ကူးတို့လုပ်ငန်းများ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကို အမှုဆောင်အရာရှိ ဦးခင်မောင်ခ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ထီဆိုင်က သီချင်းသံ ဆူညံလွန်း

စာတည်းခင်ဗျား-

ပဲခူးမြို့ ဈေးပိုင်းရပ် လမ်း ၂၀ နှင့် မြို့မကျောင်းလမ်းထောင့်ရှိ ထီဆိုင်တစ်ဆိုင်သည် နေ့စဉ် သီချင်းများကို အဆက်မပြတ်ကျယ်လောင်စွာ ဖွင့်လျက်ရှိသောကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ နားမခံနိုင်သည့်အပြင် စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

မုန့်ဟင်းခါးစက်မှ အနံ့ဆိုး ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

ညောင်လေးပင်မြို့ မြို့မ(၂)ရပ်ကွက် သတိပဋ္ဌာန်လမ်းရှိ မုန့်ဟင်းခါးစက်မှ ထွက်ရှိသောအညစ်အကြေးနှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

သံရည်ကျိုစက်ရုံ ပြောင်းရွှေ့ပြီး

၁၉-၇-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၃) တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်းနှင့် မြတောင်ဝန် ဦးမိုလမ်းထောင့်ရှိ သံရည်ကျိုစက်မှ ၂၄ နာရီပတ်လုံး သံ၊ သတ္တုကျိုချက်ရာမှ ထွက်လာသော အပြင်းစားဓာတ်ငွေ့အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ စက်ရုံဝန်ထမ်းများ ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့်ပတ်သက်၍ အဆိုပါ စက်ရုံမှာ သံရည်ကျိုခြင်း၊ သတ္တုကျိုချက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းမရှိဘဲ မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်သို့ (၅-၈-၂၀၁၀) ရက်နေ့ကတည်းက ပြောင်းရွှေ့သွားပြီးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

အလုပ်သမားညွှန်ကြားမှုဦးစီးဌာန
မြောက်ပိုင်းခရိုင်

Eternal Light မဂ္ဂဇင်းအတွဲ(၁)၊ အမှတ်(၆)ထွက်ရှိ
စာပေဟောပြောပွဲကျင်းပမည်

နာမကျန်းသည့် သက်ကြီးစာပေပညာရှင်များကို အခမဲ့ဆေးကုသပေးနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ထွက်ရှိလာသည့် **Eternal Light** မဂ္ဂဇင်းအတွဲ(၁)၊ အမှတ်(၆)၊ ဩဂုတ်လထုတ်ကို ၂၉-၇-၂၀၁၁ရက်တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်ပြီး ယခုလထုတ်မဂ္ဂဇင်းတွင် ယနေ့ခေတ်လူငယ်ယောကျ်ားလေးများအတွက် ဦးခင်ဇော်(မရမ်းကုန်း)၏ အထူးဆောင်းပါး **အရွေးမှားသော အချစ်တစ်ခု**၊ မိဘတိုင်းဖတ်သင့်သော ဒေါက်တာစိုးလွင်၏ အထူးဆောင်းပါး **အသည်းထဲက အနက်ရှိုင်းဆုံးဆုး**၊ သစ္စာနီ၏ **ခြောက်ပြစ်ကင်းတဲ့ အလှတရား**၊ ကြည်ရွှန်း၏ **အရှုံးကို အနိုင်ဖြစ်အောင်လုပ်နည်း**၊ ကောင်းသန့်၏ **လူငယ်တွေ ငါးဖမ်းမှာလား၊ ဖားရိုက်မှာလား**၊ ပါမောက္ခခင်မောင်ဝင်း(အသည်း)၏ **ရုရှားနိုင်ငံ ပုံရိပ်လွှာ**၊ သန္တာလှိုင်၏ **လပ်ဇင်ဘတ်ဂ် ခရီးသွားဒိုင်ယာရီ**၊ တင်မိုးလွင်၏ **ဝတ်စားဆင်ယင်နည်းလမ်းညွှန်**စသော ဆောင်းပါးကောင်းများစွာ ပါဝင်သည်။ စာဖတ်ပရိသတ်များအတွက် အထူးအစီအစဉ်အနေဖြင့် ပထမအကြိမ်စာပေဟောပြောပွဲကို ၆-၈-၂၀၁၁ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၊ လမ်း ၃၀ ဆေးခန်း၌ ကျင်းပမည်ဖြစ်ပြီး စာရေးဆရာချစ်စံဝင်းက **၂၁ရာစုနှင့် ပညာ၏ အခန်းကဏ္ဍအကြောင်း** ဟောပြောမည်ဖြစ်သည်။ တက်ရောက်လိုသော စာဖတ်ပရိသတ်များအနေဖြင့် **Eternal Light** မဂ္ဂဇင်း၊ အမှတ် ၂၀(ခုနစ်လွှာ)၊ ရွှေတောင်တန်းလမ်း(အောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၁၀၈၀၀ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

ကိုရီးယား (EPS-TOPIK)စာမေးပွဲ
ကိုရီးယားအရည်အချင်းစစ်စာမေးပွဲ
၂၂/၂၃-၁၀-၂၀၁၁ရက်ပိုင်း ဖြေဆိုမည့်သူများအတွက် (မေးခွန်းတွဲများလေ့ကျင့်မှု) အစီအစဉ်
(အခြေခံမှ စတင်တက်ရောက်မည့်သူများအတွက်)

သင်တန်းချိန်နှင့်နေ့ရက်	-	တနင်္လာမှသောကြာနေ့အထိ၊ နံနက် ၉း၀၀နာရီမှ ၁၀း၃၀နာရီ၊ မွန်းလွဲ ၂း၀၀နာရီ မှ ၃း၃၀နာရီ၊ ညနေ ၆း၀၀နာရီမှ ၇း၃၀နာရီ၊
သင်တန်းစမည့်ရက်	-	၁-၈-၂၀၁၁
သင်တန်းကာလ	-	အခြေခံမှစမေးခွန်း(၂၀၀၀)လေ့ကျင့်ပြီးသည်အထိ
သင်တန်းပို့ချမည့်ဆရာ	-	ဦးနေမျိုးနွယ်၊ ဦးကျော်စိုး(C-Link)
သင်တန်းနေရာ	-	Central Link သင်တန်းခန်းမ
အသေးစိတ်စုံစမ်းလိုပါက	-	**၁၂၃/ဘီ၊ ဦးချစ်မောင်လမ်း၊ ဈေးကွေ့မှတ်တိုင်နှင့် မင်းလမ်းမှတ်တိုင်ကြား၊ အသစ်ပြောင်းရွှေ့ဖွင့်လှစ်သည့် Passport ရုံးအနီး**

Central Link ဖုန်း-၀၉-၇၃၁၉၀၀၄၀၊ ၀၉-၈၆၅၁၅၃၁

ဆရာဦးလှမြင့်ဦး(ပိုင်စေ)အတွက် ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ မမြန္မာအောင်(ဆတည-၁၉၄)အား သင်္ချာဘာသာကို ၉၈မှတ်ရရှိအောင် သင်ကြားပြသပေးခဲ့သော ရေကျော်၊ မဟာဗေယျလမ်း၊ အမှတ်(၂၀)နေ ဆရာဦးလှမြင့်ဦး(ပိုင်စေ)၏ အောင်မြင်မှုအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း-

သူငယ်ချင်း သင်္ချာကထိကများ-
ဒေါ်သန်းသန်းနွယ် (ကုန်သွယ်ရေးကောလိပ်)
ဒေါ်တုတ် (ပုသိမ်တက္ကသိုလ်)
ဒေါ်နီနီဝင်း၊ ဒေါ်မာလာချို (မော်လမြိုင်တက္ကသိုလ်)

အမည်ပြောင်း

ဦးဝင်းမြင့်၏သား အထက(၂) ကြည့်မြင်တိုင် Grade-11(B) မှ မောင်ဝေယံထွန်းအား မောင်ဝေလျှံထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝေလျှံထွန်း

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးထွန်းလင်းအောင် Passport No-952984ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၂၈၄၉၅၂

ဖခင်အမည်မှန်

အင်းစိန် အထက(၂) တက္ကသိုလ်ဝင်တန်းမှ မောင်သက်ပိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးရဲထွန်းမင်း ဖြစ်ပါသည်။ **ဦးရဲထွန်းမင်း**

ဖခင်အမည်မှန်

ရန်ကုန်မြို့ အထက(၂) ဗဟန်း သတ္တမတန်း ကျောက်စိမ်း(၅)မှ မငြိမ့်သဇ္ဇာခ၏ ဖခင်အမည်မှန်မှာ ဦးမင်းအောင်ခ ၁၂/ဗဟန(နိုင်)၀၁၇၇၇၉ ဖြစ်ပါကြောင်း။

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးညွန့်မောင်၏သမီး တောင်ငူမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မမြသီတာ ၇/တငန(နိုင်)၁၆၃၃၉၂အား မမြသီတာ(ခ)မသီတာဟန်ဟု ဖြည့်စွက်ခေါ်ပါရန်။

မီး သတိပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၂ ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများလုပ်ဆောင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဃ) သင်ခန်းစာပို့ချချက် စီဒီ၊ ဗွီစီဒီများ ကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၂၈-၇-၂၀၁၁ရက်(ကြာသပတေးနေ့)မှစ၍ တစ်စုံလျှင် ကျပ်၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

တာဝန်ခံပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
အမှတ် ၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၃။ ဈေးနှုန်းလွှာများကို ၁၂-၈-၂၀၁၁ရက်(သောကြာနေ့)ညနေ၄း၃၀နာရီထက်နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းရမည့်နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည့်စုံစွာ တင်ပြရမည်။

၅။ ထုတ်ဝေမည့်နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်သည်။
(က) ရန်ကုန်အဝေးသင်တက္ကသိုလ်
(ခ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါလိပ်စာတွင်လည်းကောင်း၊ ဖုန်း-၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၈၊ ၀၂-၆၂၁၇၀၊ ၀၂-၆၀၅၄၄နှင့် ၀၂-၆၂၄၁၀တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဝေးသင်တက္ကသိုလ်များ၏ စာအုပ်များနှင့်သင်ခန်းစာပို့ချချက်
စီဒီ၊ ဗွီစီဒီများထုတ်လုပ်ရေးလုပ်ငန်းကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုမင်းမင်းအောင် ၁၂/မဂတ(နိုင်)၀၄၆၈၅၆ သည် ခရီးသွားစဉ် BST 27526/04 (4-Ticket) ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၀၅၅၈၄၈**

အမြန်ဆက်သွယ်ပါ

အထက်ပါဓာတ်ပုံရှင် အထက(၂)ပန်းစုံ ကျောင်းသား မောင်ရဲမင်းသည် နေအိမ်မှ ၁၇-၇-၂၀၁၁ရက်တွင် ထွက်သွားပါသဖြင့် တွေ့ရှိက ပျော်ဘွယ်မြို့နယ် ကန်သာအုပ်စု ခင်ကြီးယကျေးရွာ အဖဦးစိုးညွန့်ထံ ဆက်သွယ်ပါရန်။

ဖုန်း- ၀၆၄-၄၉၇၈၇၊ ၀၆၄-၄၉၂၈၃

အမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်းအုပ်စု၊ ဝွေးတောက်ကုန်းရွာ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးနေ ဦးသန်းဝင်း-ဒေါ်ဌေးဌေးညွန့်တို့၏သားငယ် မောင်ညီညီနိုင်ဝင်း မှတ်ပုံတင်အမှတ် ၉/မထလ(နိုင်)၂၂၉၆၄၂ သည် မိဘစကားနားမထောင်ပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်သည်။ **ဦးသန်းဝင်း ၉/မထလ(နိုင်)၀၄၅၁၆၇**
ဒေါ်ဌေးဌေးညွန့် ၉/မထလ(နိုင်)၀၄၄၅၉၂

ကျေးဇူးဆပ်ပါမည်

ကျွန်မ မမေပုလဲညွန့် ၉/မရတ(နိုင်)၀၀၁၆၂၅၏ နိုင်ငံကူးလက်မှတ် ၆၂၆၇၈၉ မှာ ခရီးသွားရင်း ပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ **ဖုန်း-၀၉-၅၁၀၀၃၄၅**

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေး ယူနစ် (CME)မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Emergency Management For GPs (2011) သင်တန်းကို ဩဂုတ် ၁၃ရက်မှ အောက်တိုဘာ ၃၀ရက်အထိ (စနေ၊ တနင်္ဂနွေနေ့)များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော (ဆမ) မရရှိသေးသည့် မျိုးဆက်သစ် ဆရာဝန်များသည် ဩဂုတ် ၃ ရက် နံနက် ၇ နာရီမှ ညနေ ၃နာရီအထိ လည်းကောင်း၊ (ဆမ) ရရှိပြီးသော ဆရာဝန်များသည် ဩဂုတ် ၃ရက် နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိလည်းကောင်း တက်ရောက်မည့်သူကိုယ်တိုင်လိုင်စင် ဓာတ်ပုံ လေးပုံဖြင့် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(ဆရာဝန်အသင်း)

[illegible]

[illegible]

မောင်မောင်မြင့်ဆွေ
စုစည်းသည်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၈

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ခရစ်စတင်းကာဗာလာရီဟာ အမေရိကန်လက်ပစ်ဘောကစားသမား ဂျေကတ်လာနဲ့ မကြာခင်ကာလမှာ လက်ထပ်တော့မှာဖြစ်ပါတယ်။ မူလက စီစဉ်ထားတဲ့အတိုင်း စေ့စပ်ပွဲအစီအစဉ် ပြီးတာနဲ့ လက်ထပ်ပွဲကို ကျင်းပသွားမယ်လို့ ရုပ်ရှင်မင်းသမီး ခရစ်စတင်းကာဗာလာရီက ဇူလိုင် ၂၄ ရက်မှာ သတင်းထောက်တွေနဲ့ တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အသက် ၂၄နှစ်အရွယ်ရှိတဲ့ ခရစ်စတင်းကာဗာလာရီတို့ စုံတွဲ ***(အောက်ပုံ)*** *ဟာလာမယ့်နွေရာသီမှာတရားဝင်လက်ထပ်ပွဲပြုလုပ်ရာမှာထူးခြားပြီးစိတ်ဝင်စားဖွယ် အစီအစဉ်တွေ ပါရှိမယ်လို့လည်း ဆိုပါတယ်။ ဟောလိဝုဒ်မှာ အောင်မြင်မှုတွေ ရရှိနေတဲ့ ခရစ်စတင်းကာဗာလာရီရဲ့ ဘဝအစခရီးဟာ တကယ်တော့ မလှပခဲ့ပါဘူး။ သူမ အသက်သုံးနှစ်သမီးအရွယ်က ဖခင်နဲ့ မိခင်တို့ ကွာရှင်းပြတ်စဲခဲ့ကြတာမို့ မိခင်ဖြစ်သူနဲ့အတူ ချီကာဂိုမြို့ ဆင်ခြေဖုံးရပ်ကွက်မှာ ချို့တဲ့စွာနဲ့ နေထိုင်ခဲ့ရသူဖြစ်ပါတယ်။*



အဲဒီကမှ အလယ်တန်းကျောင်းတက်ပြီး ဘရင်းတန်အထက်တန်းကျောင်း ပြီးဆုံးတဲ့အထိ တက်ရောက်ပညာသင်ကြားခဲ့ပြီးတဲ့အချိန်မှာ မိခင်ဖြစ်သူက နောက်အိမ်ထောင်ပြုခဲ့တာမို့ ဖခင်ဖြစ်သူရှိတဲ့ ကယ်လီဖိုးနီးယားပြည်နယ်ကို ပြောင်းရွှေ့နေထိုင်ခဲ့ရပါတယ်။ အဲဒီနောက်မှာ ၂၀၀၉ခုနှစ်က စတင်ပြီး အမ်တီဗွီရုပ်မြင်သံကြားလိုင်းမှာ The Hills အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းမှာ စတင်သရုပ်ဆောင်ခွင့်ရရှိခဲ့ရာက အခုလိုဟောလိဝုဒ်မှာအောင်မြင်ကျော်ကြားတဲ့ ရုပ်ရှင်မင်းသမီးဘဝကို ရောက်ရှိလာတာ ဖြစ်ပါတယ်။

အဲဒီနောက်မှာ The Real Orange Country? Veronica Mars? Fingerprints Cane? Green Flash? Wild Cherry စတဲ့ရုပ်ရှင်ဇာတ်ကားတွေမှာ အောင်မြင်မှုတွေ ဆက်တိုက် ရရှိခဲ့သူဖြစ်တာမို့ ပရိသတ်တွေ အခိုင်အမာရရှိခဲ့သူ ဖြစ်ပါတယ်။ ယခုလက်ရှိမှာ The Middle အမည်ရှိ ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ် ဆောင်ထားပြီး မကြာမီထုတ်လွှင့်ပြသတော့မှာဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီး ခရစ်စတင်းကာဗာလာရီဟာ အေအိုင်ဒီအက်စ်ရောဂါနဲ့ အိတ်ချ်အိုင်ဗွီပိုးရပ်စဲပိုးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကိုလည်း တက်တက်ကြွကြွ ဆောင်ရွက်နေသူတစ်ဦးဖြစ်တာမို့ ပရိသတ်တွေ ချစ်ခင်ခြင်းခံရတဲ့ အနုပညာရှင်တစ်ဦး ဖြစ်ပါတယ်။ အဲဒီ လုပ်ငန်းတွေကို ကင်ညာနဲ့ အခြားအာဖရိကနိုင်ငံငယ်တွေအထိသွားရောက်ပြီး စေတနာအပြည့်နဲ့ လုပ်ကိုင်နေသူလည်းဖြစ်ပါတယ်။

ထူးခြားတာက ခရစ်စတင်းကာဗာလာရီဟာ ယောကျ်ားလေးမိတ်ဆွေ ဂျေကတ်လာ တစ်ဦးတည်းထားပြီး ထိုသူနဲ့ပဲ စေ့စပ်လက်ထပ်တဲ့ ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးတစ်ဦး ဖြစ်တာပါပဲ။ ***(အင်တာနက်)***

[illegible]

ဆိုးလ် ဇူလိုင် ၂၈

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ကင်ရေးဝမ်သည် စစ်မှုထမ်းလျက်ရှိရာ လာမည့်ဩဂုတ်လတွင် ပြီးမြောက်တော့မည်ဖြစ်သဖြင့် လာမည့် စက်တင်ဘာလ၌ A Thousand Day's Promise အမည်ရှိ ဒရာမာဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ဘွဲ့ရရှိ

တစ်ခါတုန်းက တက္ကသိုလ်မှာ အမည်ရှိ ဒရာမာဇာတ်ကားဖြင့် လူကြိုက်များကာ အောင်မြင်မှုရရှိပြီး ပရိသတ်များ တစ်ခဲနက် အားပေးမှုခံခဲ့ရသော ကင်ရေးဝမ်သည် ယခုအသက် ၂၉ နှစ် အရွယ်ရှိပြီဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ ဌါန်အန် တက္ကသိုလ်မှ အနုပညာဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး ၁၉၉၇ ခုနှစ်မှ စတင်ကာ Me အမည်ရှိ ဒရာမာရုပ်မြင်သံကြား ဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ခဲ့သူ ဖြစ်သည်။

စစ်မှုထမ်းကာလအတွင်း ရုပ်ရှင်လောကနှင့် အဆက်ပြတ်ခဲ့သော ကင်ရေးဝမ် *(အပေါ်ပုံ)* ***သည် ၎င်း၏ A Thousand Day's Promise ဇာတ်ကား၌ အကောင်းဆုံးသရုပ်ဆောင်မှုများဖြင့် ပရိသတ်အတွက် ပေးဆပ်မှုများ ပြုလုပ်သွားမည်ဟု ပြောကြားသည်။***

ကင်ရေးဝမ် ရုပ်ရှင်ပြန်လည်ရိုက်ကူးမည့် စက်တင်ဘာလတွင် သူပါဝင်သရုပ်ဆောင်ခဲ့သော ရာဇဝင်ဇာတ်ကားဖြစ်သည့် Warrior Baek Dong Soo အမည်ရှိ သမိုင်းနောက်ခံ ဒရာမာဇာတ်ကားကို အက်စ်ဘီအက်စ်ရုပ်မြင်သံကြားလိုင်းမှ သီတင်းပတ်စဉ် တနင်္လာနှင့် အင်္ဂါနေ့များ၌ ပြန်လည်ပြသ ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

(အင်တာနက်)

29-7 (11).pmd 1 7/29/2011, 12:15 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ဂန့်ဂေါ - ဇာဟော - ရေစကြို လမ်းမသစ်ကြီး

နေပြည်တော် ဇူလိုင် ၂၈

စာရေးသူ လွန်ခဲ့သောနွေရာသီ ဧပြီလအတွင်းက ဂန့်ဂေါ-ထီးလင်း-ကျောက်ထု-မင်းတပ်က အပြန်တွင် ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာသို့ ဝင်ရောက်ခဲ့သည်။ ယခုတစ်ခေါက် ဇာဟောရွာအရောက်တွင်ကား ရွာအနောက်ဘက်က ရွာကိုပတ်၍ ဖောက်လုပ်ထားသော ဂန့်ဂေါ - ဇာဟော - ရေစကြိုလမ်းမသစ်ကြီးကို ထင်းထင်းကြီး တွေ့မြင်ခဲ့ရသည်။

စာမျက်နှာ ၉ ကော်လံ ၄ ❖

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ကလေးဝင်းသူ

ဖောက်လုပ်ပြီးစီးနေပြီဖြစ်သော ဂန့်ဂေါ-ဇာဟော-ရေစကြို ကားလမ်းမသစ်ကြီးကို တစ်မျှော်တစ်ခေါ်တွေ့ရစဉ်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ရွှေတန်ချိန် ၁၀၀ ဖြင့် ပြုလုပ်မည့် တန်ဖိုးအမြင့်ဆုံး အပျော်စီးရွက်လှေ တည်ဆောက်မည်။

(စာ - ၄)

ပေါင် ၈ နှစ် ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း ဖျာပုံ၌ သရုပ်ပြ။

(စာ - ၁၀)

တစ် ခါ တုန်း က တက္ကသိုလ် ဇာတ်ကားမှ မင်းသား ကင်ရေးဝမ် ရုပ်ရှင် ပြန်ရိုက်မည်။

(စာ - ၁၁)

လက်ထပ်တော့မယ့် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ခရစ်စတင်း ကာဗာလာရီ ဘဝပုံရိပ်။

(စာ - ၁၁)

29-7 (20).pmd 1 7/29/2011, 12:51 AM